INGHAM

# K-1 အတွက် မိသားစုတွင်း စာအရေးအဖတ်လေ့ကျင့်မှုပြက္ခဒိန်



# ယခု ပြက္ခဒိန်ကို ဘယ်လိုအသုံးပြုမလဲ



မိမိအိမ်မှာနေထိုင်ရင်း သင်ယူလေ့လာမှုကို စတင်ခြင်း။ မိသားစုများအနေဖြင့် ရင်သွေးငယ်များ၏ မူလတန်းအဆင့် ပညာသင်နှစ် တစ်လျှောက်လုံးမှာ မိမိတို့ဘက်က ဘယ်လိုအကူအညီပေးနိုင်တယ်ဆိုတာနဲ့ မိမိတို့ ရင်သွေးငယ်များရဲ့ပညာရေးကို ဘယ်လိုနည်းနဲ့ မြှင့်တင်ပေးနိုင်တယ်ဆိုတာကို သိရှိနားလည်ထားဖို့ အရေးကြီးပါတယ်။ ကျောင်းသားမိဘများအနေဖြင့် မိမိတို့ရင်သွေးများ၏**သူငယ်တန်း အဆင့်နှင့် ပထမတန်း အဆင့်များ**တွင် အောင်မြင်မှုရရှိနိုင်ရန် ကြိုတင်ပြင်ဆင်ရာ၌ ၎င်းတို့ဘက်က မည်ကဲ့သို့ အကူအညီပေးနိုင်သည်ဆိုသည်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များနှင့် လမ်းညွှန်ချက်ကို ပေးအပ်နိုင်ရန် ရည်ရွယ်ပြီး ယခုပြက္ခဒိန်ကို ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။

ယခု ပြက္ခဒိန်တွင် အင်္ဂလိပ်ဘာသာရပ်နှင့် သင်္ချာဘာသာရပ်၊ အစောပိုင်းကာလ စာအရေးအဖတ်အတွက် အရေးပါသော လမ်းညွှန်ချက်ဆိုင်ရာ အလေ့အကျင့်များပါဝင်သည့် မီချီဂန် K-12 အတန်းများတွင် အောင်မြင်မှုရရှိနိုင်ရန်အတွက် ထောက်ကူရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များစွာ ပါဝင်ပြီး မီချီဂန်မှတဆင့် 10 အတွင်း Top 10 ဖြစ်လာနိုင်ရန်လည်း ကူညီပေးသွားမည်ဖြစ်ပါသည်။ ၎င်းသည် PA 306၊ တတိယတန်း အရေးအဖတ်စွမ်းရည်၊ ပြဌာန်းချက် စသည်တို့ကို ထောက်ပံ့ပေးသည့် အရင်းအမြစ်တစ်ခုလည်း ဖြစ်ပါသည်။

- နေ့စဉ်လေ့ကျင့်မှုများကို သင့်ရင်သွေး၏ အသက်အရွယ်၊ စိတ်ဝင်စားမှု သို့မဟုတ် ကျွမ်းကျင်မှုအဆင့်အပေါ် မူတည်ပြီး ဆောင်ရွက်နိုင်ပါသည်။
- ယခု ပြက္ခဒိန်ကို မည်သည့်နှစ်အတွက်မဆို အသုံးပြုနိုင်အောင် ရေးဆွဲထားပါသည်။ အကွက်အလွတ်များကို လေ့ကျင့်မှုများ ပြီးမပြီး စစ်ဆေးနိုင်ရန် သို့မဟုတ် ရက်စွဲများ ရေးမှတ်နိုင်ရန်အတွက် အလွတ်အတိုင်း ထားနိုင်ပါသည်။
- လ တစ်လချင်းစီသည် သင့်မိသားစုက အသုံးပြုလိုသော သို့မဟုတ် သွားရောက်လိုသော အရင်းအမြစ်တစ်ခုကို ပြသထားပါသည်။

သူငယ်တန်းအဆင့်မှ တတိယတန်းအထိ ရရှိလာသော စာအရေးအဖတ် အသိပညာနှင့် ကျွမ်းကျင်မှုများက နောက်ပိုင်းကာလ စာအရေးအဖတ် ဖွံ့ဖြိုးတိုးတက်မှုကို ကြိုတင်ခန့်မှန်းပေးသွားမည်ဖြစ်ပါသည်။ ရက်သတ္တပတ်၏ တစ်ရက်ချင်းစီက မတူညီသည့် လေ့လာမှုနယ်ပယ်တစ်ခုချင်းစီကို အဓိကထား ဖော်ပြထားပါသည်။ အဆိုပါ စာအရေးအဖတ်လေ့ကျင့်မှု၏ မူလအခြေခံနယ်ပယ်များကို အာရုံစိုက် ဆောင်ရွက်သည့်အခါ ကလေးငယ်များအနေဖြင့် စာဖတ်ခြင်းနှင့်စာရေးခြင်းတို့တွင် ပိုမိုအားကောင်းလာသည်ဟု သုတေသန ရလဒ်များက ဖော်ပြထားပါသည်။

## တနင်္ဂနွေ - နားလည်နိုင်စွမ်း

နားလည်နိုင်စွမ်းဆိုသည်မှာ မိမိဖတ်သည့်အကြောင်းအရာကို နားလည်သဘောပေါက်ပြီး ဆိုလိုရင်းအဓိပ္ပါယ်ကို ကောက်ချက်ဆွဲနိုင်သည့် စွမ်းရည်ကို ခေါ်ဆိုပါသည်။ ၎င်းတွင် အောက်ပါတို့ ပါဝင်ပါသည် -

- အရေးကြီးသည့် အချက်အလက်များကို အာရုံစိုက်ခြင်း
- တိကျသည့်အဓိပ္ပါယ်များ၊ စကားလုံးများနှင့် စာသားများကို ဘာသာပြန်ဆို ပုံဖော်နိုင်ခြင်း
- အဓိကဆိုလိုရင်းကို ဖော်ထုတ်နိုင်ခြင်း
- မေးခွန်းများကို တုံ့ပြန်နိုင်ခြင်း
- စာဖတ်ခြင်းမှတဆင့် ရရှိလာသော အချက်အလက်အသစ်များကို အသုံးပြုတတ်ခြင်း

## တနင်္လာ - Phonemic Awareness (အသံထွက်ပိုင်းတတ်သိနားလည်မှု)

Phonemic Awareness ဆိုသည်မှာ အသံများကို နားထောင်ခြင်း၊ ခွဲခြားသတ်မှတ်ခြင်းနှင့် အသုံးချခြင်းဆိုင်ရာ စွမ်းရည်ဖြစ်ပါသည်။ ၎င်းတွင် အောက်ပါတို့ ပါဝင်ပါသည် -

- စကားလုံး တစ်လုံးတည်းကိုဖြစ်စေ၊ စကားလုံးများကိုဖြစ်စေ အသံများကို သိရှိနားလည်ခြင်း
- စကားလုံးများ ဖန်တီးနိုင်ရန်အတွက် အသံများကို အတူတကွ ထားသိုတတ်ခြင်း
- စကားလုံးများ၏ အသံထွက်ကို ထွက်ဆိုနိုင်ခြင်း
- စကားလုံးများကို ၎င်းတို့၏ သက်ဆိုင်ရာအသံများအလိုက် ခွဲခြားထားနိုင်ခြင်းနှင့် ပိုင်းဖြတ်နိုင်ခြင်း
- မှတ်သားရန်အချက်များ - /b/ကို မြင်သည့်အခါ ၎င်းအက္ခရာ၏ အသံထွက်အတိုင်း ထွက်ဆိုရမည်ဖြစ်သည်။

## အင်္ဂါ - Phonics (အက္ခရာများကို ကိုယ်စားပြုသည့် အသံထွက်များကို ဖတ်တတ်ခြင်း)

Phonics ဆိုသည်မှာ အက္ခရာများနှင့် ၎င်းတို့ကိုယ်စားပြုသည့် အသံများအကြားရှိ ဆက်သွယ်ချက်ကို နားလည်သဘောပေါက်သည့် စွမ်းရည်ဖြစ်ပါသည်။ ၎င်းတွင် အောက်ပါတို့ ပါဝင်ပါသည် -

- ရေးသားထားသော ဘာသာစကား၏ အက္ခရာများနှင့် အသံထွက်များအကြားရှိ ဆက်သွယ်ချက်။ ဥပမာ - nice နှင့် new တွင်ရှိသော "n" အက္ခရာအနေဖြင့် /n/ အသံကို ကိုယ်စားပြုပါသည်
- သရသံ ပုံစံများ
- စကားလုံး အစိတ်အပိုင်းများ (ရှေ့ဆက်များ၊ နောက်ဆက်များနှင့် အမြစ်စကားလုံးများ)

## ဗုဒ္ဓဟူး - ကျွမ်းကျင်မှု

ကျွမ်းကျင်မှုဆိုသည်မှာ နားလည်သဘောပေါက်မှုကို အထောက်အပံ့ဖြစ်စေနိုင်ရန် အလို့ငှာ လုံလောက်သည့် အမြန်နှုန်း၊ တိကျမှန်ကန်မှု၊ အသုံးအနှုန်းတို့ဖြင့် စကားစုများနှင့်အတူ စာဖတ်နိုင်သည့် စွမ်းရည်ဖြစ်ပါသည်။ ၎င်းတွင် အောက်ပါတို့ ပါဝင်ပါသည် -

- စကာလုံးအား အလိုအလျောက် အသိအမှတ်ပြုနိုင်ခြင်း
- စကာလုံးအား တိကျမျန်ကန်စွာ အသိအမှတ်ပြုနိုင်ခြင်း
- အသုံးအနှုန်းများကို သုံးစွဲတတ်ခြင်း

## ကြာသပတေး - ဝေါဟာရ

ထိရောက်စွာ ဆက်သွယ်နိုင်ရန်အတွက် ကျွန်ုပ်တို့သိရှိရမည့် စကားလုံးများ။ ၎င်းတွင် အောက်ပါတို့ ပါဝင်ပါသည် -

- အပြော ဝေါဟာရ - စကားပြောဆိုရာတွင် သို့မဟုတ် နားထောင်မှတ်သားရာတွင် အသုံးပြုသည့်စကားလုံးများ
- အဖတ် ဝေါဟာရ - ကျွန်ုပ်တို့မှတ်သားရသည့် သို့မဟုတ် စာဖတ်သည့်အခါ အသုံးပြုသည့် စကားလုံးများ

## သောကြာ - အစောပိုင်းကာလ အတွက်အချက်

အစောပိုင်းကာလ အတွက်အချက်သည် စာအရေးအဖတ်စွမ်းရည်အတွက် ဖြည့်ဆည်းပေးပြီး တစ်ခါတစ်ရံတွင် "သင်္ချာတက်မြောက်မှုစွမ်းရည်" ဟုလည်း ခေါ်ပါသည်။ ၎င်းတွင် အောက်ပါတို့ ပါဝင်ပါသည် -

- အကိန်းဂဏန်းများနှင့် အခြားသော သင်္ချာသဘောတရားများအား သိရှိနားလည်နိုင်သည့် စွမ်းရည်
- သင်္ချာသဘောတရားများကို အမျိုးမျိုးသော ဆက်စပ်မှုများတွင် အသုံးချနိုင်ခြင်းနှင့် ပုစ္ဆာအမျိုးမျိုးကို ဖြေရှင်းနိုင်ခြင်း
- ဖြစ်နိုင်သည့် နည်းလမ်းဖြင့် တွေးခေါ်နိုင်ခြင်းနှင့် ကျိုးကြောင်းဆင်ခြင်နိုင်ခြင်း

## စနေ - စာရေးသားခြင်း

စာရေးသားခြင်းသည် ကလေးငယ်များအတွက် မိမိကိုယ်ကို ထုတ်ဖော်ပြနိုင်သည့် အခွင့်အရေးတစ်ခုကို ပေးအပ်ခြင်း ဖြစ်ပါသည်။ ၎င်းတွင် အောက်ပါတို့ ပါဝင်ပါသည် -

- လေ့ကျင့်မှုပြုလုပ်နိုင်ရန်အတွက် ၎င်းတို့၏အရေးအဖတ်ကျွမ်းကျင်မှုကို ထည့်သွင်းထားခြင်း
- အက္ခရာ/အသံအကြားရှိ ဆက်သွယ်ချက်များနှင့်သက်ဆိုင်သည့် ၎င်းတို့၏ အသိပညာကို အသုံးပြုခြင်း
- တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ခြင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများနှင့် ခံစားချက်များကို ဝေမျှခြင်း



# သင်၏ သဘောကျနှစ်သက်မှုကို ခံစားခြင်း

ကျွန်ုပ်တို့အနေဖြင့် ရင်သွေးငယ်များ၏ အာရုံစိုက်မှုကို ဆုပ်ကိုင်နိုင်ပြီး ၎င်းတို့စိတ်ဝင် စားသော အရာများနှင့် ဆက်သွယ်ပေးနိုင်သည့်နည်းလမ်းများကို သိရှိလာသည်နှင့်တစ် ပြိုင်နက် ကျွန်ုပ်တို့ဘက်က ၎င်းတို့၏ စာအရေးအဖတ် ကျွမ်းကျင်မှုများကို ဖန်တီးပေးနိုင်သည့်နည်းလမ်းများဖြင့် အပြန်အလှန် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။ သင်တို့၏ ရင်သွေးငယ်များ စာဖတ်ခြင်းတွင် စိတ်အားထက်သန်လာအောင် ၎င်းတို့ သဘောကျနှစ်သက်သည့် စာအုပ်များ၊ သီချင်းများနှင့် ပုံပြင်များကို အသုံးပြုပေးပါ။

ရွေးချယ်မှုသည် သင်ယူလေ့လာခြင်းအတွက် လှုံ့ဆော်မှုပင်ဖြစ်ပါသည်။

Rhyme/Song of the month:

Twinkle, Twinkle, Little Star

Twinkle, Twinkle, little star,
How I wonder what you are.
Up above the world so high,
Like a diamond in the sky.
Twinkle, Twinkle, little star,
How I wonder what you are!

လေ့ကျင့်ခန်းများ

"sky" နှင့် ကာရန်ညီသည့် မည်သည့်စကားလုံးများကို သင် တွေးမိပါသလဲ။

"st-"နှင့် အစပြုသည့် မည်သည့်စကားလုံးများကို သင် တွေးမိပါသလဲ။

လေထဲတွင် စိန်ပွင့်တစ်ပွင့်၏ ပုံသဏ္ဍာန်ကို ရေးဆွဲပါ။

ကဗျာအား မတူညီသည့် ပုံသဏ္ဍာန်တစ်ခုဖြင့် ပြန်လည် ရေးသားပါ။

# စက်တင်ဘာ

သင်၏ သဘောကျနှစ်သက်မှုကို ခံစားခြင်းကို အခြေခံထားသော ပညာရေးဆိုင်ရာ ဖော်ပြချက် များကို ကြည့်ရှုနိုင်ရန်အတွက် PBS မိဘများ အစီအစဉ်ကို သင့်ကလေးနှင့်အတူ ရှာဖွေ လေ့လာလိုက်ပါ - http://www.pbs.org/parents/။

| | တနင်္ဂနွေ (နားလည်နိုင်စွမ်း) | တနင်္လာ (အသံထွက်ပိုင်းတတ်သိနားလည်မှု) | အင်္ဂါ (အက္ခရာများကို ကိုယ်စားပြုသည့် အသံထွက်များကို ဖတ်တတ်ခြင်း) | ဗုဒ္ဓဟူး (ကျွမ်းကျင်မှု) | ကြာသပတေး (ဝေါဟာရ/ စကားလုံးလေ့လာခြင်း) | သောကြာ (အစောပိုင်းကာလ အတွက်အချက်) | စနေ (စာရေးသားခြင်း) |
|---|---|---|---|---|---|---|---|
| အပတ်စဉ် 1 | နောက်ခံဇာတ်လမ်းဖတ်ပြသူများ ... နောက်ခံပဟုသုတများ အနေဖြင့် ကလေးငယ်များအား လူများ၊ နေရာများနှင့် အရာဝတ္ထုများနှင့် ဆက်သွယ်မှုများ ပြုလုပ်နိုင်အောင် အထောက်အပံ့ ပေးပါသည်။ စာဖတ်ခြင်းမပြုလုပ်မီ ပုံပြင်နှင့် ပတ်သက်ပြီး သင့်အနေဖြင့် ဘာကို သိရှိလာနိုင်သည်ကို တွေးပါ။ | သင့်ကလေးက သင့်ကို စကားလုံးတစ်ခုပြောဆိုစေပြီး သင်က ထိုစကားလုံး၏ အသံများကို ပြောပြပါ။ ဥပမာ - hot - /h/ /o/ /t/ | သတ်မှတ်နေ့ရက် အတွက် အက္ခရာမှာ A ဖြစ်ပါသည်။ A ကို အတူတကွ သရုပ်ဖော်/ ရေးဆွဲပါ။ apple ကဲ့သို့သော /a/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | သင့်ကလေးအား အောက်ပါစကားလုံး များကို 3 ကြိမ်အထိ အသံထွက်ပြီး ရွတ်ဆိုပါစေ - I, am, the, little, a, to, have, is, my, like. | သင့်ကလေးအား စကားလုံးအသစ်များနှင့် မိတ်ဆက်ပေးပါ - စိတ်ခံစားမှုများ ခံစားချက်များ အားသာချက်များ | သတ်မှတ်နေ့ရက်အတွက် ကိန်းဂဏန်းများမှာ 1 နှင့် 19 ဖြစ်ပါသည်။ သင့်ကလေးအား အဆိုပါ ကိန်းဂဏန်းများ ရေဆွဲခြင်းကို လေ့ကျင့်ပေးပါ။ ယနေ့အတွက် အဆိုပါကိန်းဂဏန်းများကို နေရာဘယ်လောက်များများတွင် ရှာတွေ့နိုင်သည်ကို မှတ်သားပါ။ | သင့်ကလေးများအား ၎င်းနှစ်သက်သည့် စာရေးဆရာထံသို့ စာတစ်စောင်ရေးသားစေပြီး အဆိုပါစာတွင် ၎င်းတို့နှစ်သက်သည့် စာအုပ်အား ရေးဆွဲထား သည့် ပုံတစ်ပုံလည်း ပါဝင်နိုင်စေရန် ကူညီပေးပါ။ |
| အပတ်စဉ် 2 | စာဖတ်ခြင်းမပြုလုပ်မီ ၎င်းတို့ဖတ်မည့် ခေါင်းစဉ်နှင့်ပတ်သက်ပြီး သူတို့ ဘာတွေ သိရှိထားသလဲဆိုသည်ကို ဆွေးနွေးပြောဆိုပါ။ | သင့်ကလေးနှင့်အတူ အသံအခြေပြု ဆာဖာရီ တစ်ခုသို့ သွားပါ။ သင့်ကလေးအား သတ်မှတ် အက္ခရာ၏ အသံတစ်သံကို ထွက်ဆိုခိုင်းပြီး အဆိုပါ အသံနှင့် စသော/ဆုံးသော ပစ္စည်းကိရိယာများကို သွားရောက်ရှာဖွေပါ။ ဥပမာ - /t/ table ၊ ant | ABCs စသည်တို့ကို ရွတ်ဆိုပါစေ။ သင့်ကလေးအား အက္ခရာများကို ၎င်းတို့၏ လက်ချောင်းများ၊ ခြေထောက်များဖြင့် လေထဲတွင် ရေးဆွဲသည့် လှုပ်ရှားမှုကို ကူညီလုပ်ဆောင်ပေးပါ။ | သင့်ကလေးများ သင်ယူလေ့လာနေသည့် ကဒ်ပေါ်ရှိ စကားလုံးများကို ရေးသားခြင်းအား ကူညီလုပ်ဆောင်ပေးပြီး အဆိုပါ စကားလုံးများကို အသုံးပြုပြီး ရယ်ရွှင်ဖွယ် ကောင်းသည့် ဝါကျများကို ပြုလုပ်ပေးပါ။ | မိသားစု ရုပ်ပုံကားချပ်များကို အသုံးပြုပြီး ခံစားချက်များကို ထုတ်ဖော်ပြောဆိုပါ။ မိသားစုဝင်များ၏ခံစားချက်များနှင့်ပတ်သက်သည့် အကြောင်းအရာများကို သင့်ကလေးများနှင့် ဆွေးနွေးပြောဆိုနိုင်မည့် အခွင့်အရေးကို ရယူပါ။ | သင့်နေအိမ်ရှိ အရာဝတ္ထုသုံးမျိုး၏ အရွယ်အစားကို သင့်အလေးနှင့်အတူ တိုင်းတာမှု ပြုလုပ်ပေးပါ။ ၎င်းအရာဝတ္ထုများကို အတိုဆုံးမှ အရှည်ဆုံးသို့ အစီအစဉ်တကျ ထားရှိပါ။ | သင့်ကလေးအား ၎င်းနှစ်သက်သည့် စာအုပ်ကို ဖတ်ခိုင်းပြီး မတူညီသည့် အဆုံးသတ် မှုတစ်ခုကို ရေးသားရန် ကူညီပေးပါ။ |
| အပတ်စဉ် 3 | စာရေးဆရာ၏ ရည်ရွယ်ချက် - စာရေးဆရာများသည် စာဖတ်သူအား အသိပေးရန်၊ ဖျော်ဖြေရန်၊ဖော်ထုတ်ပြသရန်နှင့် သဘောကျစေရန် စသည့်အကြောင်းပြချက်တစ်ခုခုဖြင့် ရေးသားခြင်းဖြစ်ပါသည်။ ယနေ့ သင်ဖတ်သည့် ပုံပြင်၏စာရေးဆရာက စာဖတ်သူအား ပေးလိုသည့် ရည်ရွယ်ချက်ကို သင့်ကလေးက သိရှိခန့်မှန်းနိုင်အောင် ကူညီပေးပါ။ | အသံ 3-4 မျိုးရှိသည့် စကားလုံးတစ်ခုကို သင့်ကလေးနှင့်အတူ ဖတ်ကြည့်ပါ။ ထိုနေ့တစ်နေ့လုံး အဆိုပါ စကားလုံးကို အချိန်မရွေးပြောဆိုပြီး သင့်ကလေးအား ထိုစကားလုံးတွင်ပါဝင်သည့် အသံများကို ပြောဆိုပါစေ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ B ဖြစ်ပါသည်။ "B" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ ball ကဲ့သို့သော /b/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | သင့်ကလေးအား /o/ စကားလုံးငယ်တစ်ခုကို ရွတ်ဆိုခိုင်းပါ။ သင့်ကလေးအနေဖြင့် 3 မိနစ်အတွင်း /o/ စကားလုံးတို ဘယ်လောက်များများ စဉ်းစားနိုင်သည်ကို ကြည့်ပါ။ ဥပမာ - on ၊ octopus ။ အခြား သရများကိုလည်း အလားတူပင် ပြုလုပ်ပေးပါ။ | ခံစားချက် အမျိုးမျိုးကို ဖော်ပြနေသည့် မျက်နှာများ ပါဝင်သည့် ပိုစတာ တစ်ခုကို သင့်အလေးနှင့်အတူ ပြုလုပ်ပါ။ ပိုစတာရှိ အဆိုပါမျက်နှာပုံများထဲမှ တစ်ခုကို ထောက်ပြစေပြီး သူ/သူမအနေဖြင့် မည်သည့်အချိန်က အဆိုပါပုံကဲ့သို့ ဘယ်လို/ဘာကြောင့် ခံစားခဲ့ရသည်ကို မေးမြန်းပါ။ | ယနေ့အတွက် ပုံသဏ္ဍာန်မှာ အနားမပြိုင်စတုဂံပုံ ဖြစ်ပါသည်။ သင့်ကလေးအား အနားမပြိုင်စတုဂံပုံတစ်ခုကို ရေးဆွဲနိုင်အောင် ကူညီပါ။ သင့်အနေဖြင့် ယနေ့အတွက် အနားမပြိုင်စတုဂံနှင့် တူသည့်နေရာ မည်မျှ ရှာဖွေနိုင်သည်ကို ကြည့်ပါ။ | သင့်ကလေးအား သူနှစ်သက်သည့် စာအုပ်ကို ဖတ်စေပြီး သူ့နာမည်အစ စာလုံးနှင့် တူညီသည့် အက္ခရာနှင့်အစပြုသည့် စကားလုံးများ အားလုံးကို စာရင်းပြုစုခိုင်းပါ။ |
| အပတ်စဉ် 4 | သင့်ကလေးအား ရယ်စရာကောင်းသော ပုံပြင်တစ်ပုဒ်ကို ဖတ်အောင် ကူညီပေးပါ။ စာရေးဆရာအနေဖြင့် စာဖတ်သူအား ဖျော်ဖြေခြင်းလား၊ အသိပေးခြင်းလား၊ သဘောကျစေခြင်းလား သို့မဟုတ် ဖော်ထုတ်ပြသခြင်းလား ဆိုသည်ကို သင့်ကလေးအား တွေးတောဆုံးဖြတ်ခိုင်းပါ။ | Head /Shoulders /Knees /Toes စသည့် သီချင်းကို ရွတ်ဆိုပါ။ သီချင်းတွင်ပါသည့် စကားလုံးတစ်လုံးချင်းစီကို နှုတ်မှရွတ်ဆိုပြီး ပထမ စကားလုံးကို သီဆိုသည့်အခါ သင့်ကလေး၏ ဦးခေါင်းကို ထိပါ၊ ဒုတိယစကားလုံးကို သီဆို သည့်အခါ ပခုံးများကိုထိပါ၊ တတိယစကားလုံးကို သီဆိုသည့်အခါ ဒူးများကိုထိပြီး စတုတ္ထစကားလုံးကို သီဆိုသည့်အခါ ခြေချောင်းများကို ထိပါ။ | သင့်ကလေး၏ နာမည် အစ စာလုံးနှင့် တူသည့် အက္ခရာများကို ဖော်ထုတ်ပြသပါ (John ၊ jump)။ အဆိုပါစကားလုံးများ၏ အစ အသံများအနေဖြင့် တူညီနေကြသည်ကို သင့်ကလေးနှင့်အတူ ဆွေးနွေးပြောဆိုပါ။ | သင့်ကလေးအနေဖြင့် မြင်မြင်ချင်းပင်စကားလုံး ဘယ်လောက်များများ ဖတ်နိုင်သလဲ ဆိုသည်ကို သိရှိအောင် ပြုလုပ်ပါ။ | သတ်မှတ်လအတွက် သီချင်း (Twinkle, Twinkle, Little Star) မှ စကားလုံး တစ်လုံးကို သင့်ကလေးအား ရွေးချယ်ခိုင်းပါ။ သင့်ကလေးအား အဓိပ္ပါယ်ကို ပြောပြခိုင်းပါ။ | သင့်ကလေးအား သူ/သူမ နှစ်သက်သည့် ဂဏန်းတစ်ခုကို ရွေးချယ်စေပြီး တစ်နေ့တာလုံး အဆိုပါ ဂဏန်းကို လိုက်လံရှာဖွေတတ်အောင် ပြုလုပ်ပေးပါ။ အဆိုပါ ဂဏန်းအရေအတွက်ရှိသည့် ပစ္စည်းများပါဝင်သည့် ရုပ်ပုံတစ်ပုံကို ရေးဆွဲစေပြီး ၎င်းကို ကြိမ်ဖန်များစွာ သီချင်းဆိုတက်အောင် ကူညီပေးပါ။ | သင့်ကလေးအား စကားလုံးများကို ကြည့်ရှုနိုင်သည့် ဂျာနယ်တစ်စောင်ကို ကူညီပြုလုပ်ပေးပါ- မြင်မြင်ချင်းပင် သင့်ကလေးဖတ်နိုင်သည့် စကားလုံးများကို စာရင်းပြုစုထားပြီး အဆိုပါ စကားလုံးကို သူတို့တစ်ကြိမ်ဖတ်တိုင်း တစ်ခေါက်မှတ်သားပေးပါ။ |
| အပတ်စဉ် 5 | သင့်ကလေးအား သတင်းအချက်အလက်ပေးသည့် ပုံပြင်တစ်ပုဒ်ကို ဖတ်အောင် ကူညီပေးပါ။ စာရေးဆရာအနေဖြင့် စာဖတ်သူအား ဖျော်ဖြေခြင်းလား၊ အသိပေးခြင်းလား၊ သဘောကျစေခြင်းလား သို့မဟုတ် ဖော်ထုတ်ပြသခြင်းလား ဆိုသည်ကို သင့်ကလေးအား တွေးတောဆုံးဖြတ်ခိုင်းပါ။ | အသံ 3-4 မျိုးရှိသည့် စကားလုံးတစ်ခုကို ရွတ်ဆိုပါ။ စကားလုံးအတွင်းရှိ အသံတစ်ခုချင်းဆီကို သီဆိုသည့်အခါ ကခုန်ပြီး ရွတ်ဆိုပါစေ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ C ဖြစ်ပါသည်။ "C" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ cat ကဲ့သို့သော /c/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | သင့်ကလေးအား သူနှစ်သက်သည့် စာအုပ်ကို ဖတ်အောင် ကူညီပေးပါ။ စကားပြောဆိုခြင်းကို လေ့ကျင့်သည့်အခါ သင့်လျော်သည့် ဖော်ပြချက်များကို အသုံးပြုပါ။ သင့်သရုပ်ပြသော ဖော်ပြချက်များကို သင့်ကလေးက လိုက်ပါပြုလုပ်တတ်အောင် တွန်းအားပေးပါ။ | သင့်ကလေးများအား အပြင်သို့ခေါ်ထုတ်ပြီး သင်တို့ တွေ့မြင်ရသော၊ အနံ့ရသော သို့မဟုတ် တွေ့ကြုံရသော တစ်စုံတစ်ခုနှင့်ပတ်သက်သည့် စကားလုံး အသစ်တစ်လုံးကို သူတို့နှင့် မိတ်ဆက်ပေးပါ။ | သင့်ကလေးအား မြေဖြူကိုအသုံးပြုပြီး hopscotch (စည်းကွက်ချ ရုပ်ဒိုးတိုက် ကစားနည်း) တစ်ခုကို ပြုလုပ်တတ်အောင် ကူညီပေးပါ။ ရှေ့တိုး နောက်ဆုတ် ရေတွက်ပါ (1 စက္ကန့်၊ 2 စက္ကန့်၊ 5 စက္ကန့်၊ 10 စက္ကန့်၊ စသည်ဖြင့်)။ | သင့်ကလေးအား အက္ခရာများပါရှိသည့် စာအုပ်တစ်အုပ်ကို ကူညီပြုလုပ်ပေးပါ။ မိသားစုဝင်များ၏ ရုပ်ပုံများကိုထည့်သွင်းပြီး ပုံများရေးဆွဲအောင် ကူညီပေးပါ။ ရုပ်ပုံတစ်ခုချင်းစီကို အညွှန်းတပ်ပါ။ |

ဒေသတွင်း အရင်းအမြစ် - Ingham ကောင်တီပန်းခြံများ - လန်စင်းမြို့လယ်ခေါင်မှ မိနစ်အနည်းငယ်ခန့်သာ ဝေးသည့်နေရာတွင်တည်ရှိပြီး အားကစားလှုပ်ရှားမှုနှင့် အနားယူမှုများ ပြုလုပ်ရန် သတ်မှတ်ထားသည့် သာယာသည့်မြေနေရာ အကျယ်အဝန်းဧက 1,200 ကျော် ရှိပါသည်။ လန်စင်းရေကန်ကို စီးမိုးကြည့်ရှုနိုင်သည့် ပျော်ပွဲစားထွက်ချင်စရာ တိတ်ဆိတ်သည့် နေရာသို့ လည်ပတ်လိုက်ပါ သို့မဟုတ် တောရိုင်းပန်းများ၊ သဘာဝတောင်တက်လမ်းများကို တနေ့ခင်းလုံး ကြည့်ရှုခံစားလိုက်ပါ သို့မဟုတ် သာယာလှပသည့် ဂရန်းမြစ် ၏ မြစ်ကမ်းတစ်လျှောက် လေလျှော်ခတ်လိုက်ပါ။ http://pk.ingham.org/ တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

# သင့်ခန္ဓာကိုယ်ကို အားဖြည့်ခြင်း



ကောင်းမွန်သည့် အာဟာရပြည့်ဝသော အလေ့အထများသည် ပညာရေး တိုးတက်မှုနှင့် ဆက်နွယ်လျှက်ရှိကြောင်း ရလဒ်များက ဖော်ပြထားပါသည်။ ကျန်းမာသော အစားအသောက်များသည် ဦးနှောက်ကို အာဟာရပြည့်ဝစေပြီး သတင်းအချက်အလက် စုဆောင်းမှုကို အထောက်အပံ့ဖြစ်စေပါသည်။ ကလေးတစ်ယောက်အား ကျန်းမာသော စားသောက်မှုအလေ့အထများကို သင်ကြားပေးခြင်းသည် ကလေးအတွက် ကျန်းမာသည့် အနာဂတ်တစ်ခုကို ဖန်တီးပေးခြင်းအဖြစ် အရေးပါပါသည်။

ကဲ...စားကြမယ်ဟေ့။

Rhyme/Song of the month: Little Miss Muffet

Little Miss Muffet
Sat on a tuffet
Eating her curds and whey.
Along came a spider
And sat down beside her
And frightened Miss Muffet away!

လေ့ကျင့်ခန်းများ

Curds နှင့် came ဆိုသည့် စကားလုံးထဲရှိ “c” က မည်သို့ အသံထွက်သနည်း။

“c” အက္ခရာနှင့် အသံတူပြီး အစစာလုံးတူညီသည့် အခြားစကားလုံးများကို ဖော်ပြပါ။

Muffet နှင့် ကာရန်ညီသည့် စကားလုံးကို တွေ့ပါသလား။

နံနက်စာအတွက် သင်အနှစ်သက်ဆုံး အစားအစာက ဘာလဲ။

ကဗျာအသစ်တစ်ပုဒ်ကို ရေးပါ။

# အောက်တိုဘာ

သင့်ခန္ဓာကိုယ်ကို အားဖြည့်ခြင်းကို အခြေခံထားသော ပညာရေးဆိုင်ရာ ဖော်ပြချက်များကို ကြည့်ရှုနိုင်ရန်အတွက် PBS မိဘများ အစီအစဉ်ကို သင့်ကလေးနှင့်အတူ ရှာဖွေ လေ့လာလိုက်ပါ - Fizzy’s Lunch Lab, http://www.pbs.org/parents/lunchlab/။

| | တနင်္လာ (နားလည်နိုင်စွမ်း) | အင်္ဂါ (အသံထွက်ပိုင်းတတ်သိနားလည်မှု) | ဗုဒ္ဓဟူး (အက္ခရာများကို ကိုယ်စားပြုသည့် အသံထွက်များကို ဖတ်တတ်ခြင်း) | ကြာသပတေး (ကျွမ်းကျင်မှု) | သောကြာ (ဝေါဟာရ/ စကားလုံးလေ့လာခြင်း) | စနေ (အစောပိုင်းကာလ အတွက်အချက်) | တနင်္ဂနွေ (စာရေးသားခြင်း) |
|---|---|---|---|---|---|---|---|
| အပတ်စဉ် 1 | အကြောင်း တစ်ခုဆိုသည်မှာ တစ်စုံတစ်ရာဖြစ်ပွားခြင်းကို ဆိုလိုပါသည်။ အကျိုး တစ်ခုဆိုသည်မှာတစ်စုံတစ်ရာဖြစ်ပွား ခြင်းကြောင့် ရရှိလာသည့် အကျိုးရလဒ်ကို ဆိုလိုပါသည်။ သင့်ကလေးနှင့်အတူ စာဖတ်သည့်အခါ “ဘာဖြစ်သွားခဲ့သလဲ ” နှင့် “ဘာကြောင့် အဲဒါဖြစ်ပွားခဲ့ရတာလဲဆိုသည်ကို မေးမြန်းပါ။“ | သင့်ကလေးနှင့်အတူ ကာရန်ညီသော စကားလုံးများနှင့် ကာရန်မညီသော စကားလုံးများ နှစ်မျိုးစလုံးကို ပြောဆိုကြည့်ပါ - (pan /man / tan /pat ။ သင့်ကလေးအား ကာရန်မညီသည့် စကားလုံးကို ရှာဖွေဖော်ထုတ်ခိုင်းပါ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ D ဖြစ်ပါသည်။ “D” ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ dog ကဲ့သို့သော /d/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | သင့်ကလေးအတွက် အရမ်းမခက်ခဲသည့် ပုံပြင်တစ်ပုဒ်ကို ရွေးချယ်ပါ။ ပုံပြင်ကို ဖတ်ကြည့်ပြီး သင့်ကလေးနှင့်အတူ ဖတ်ပါ။ | သင့်ကလေးအား စကားလုံးအသစ်များနှင့် မိတ်ဆက်ပေးပါ - ကျန်းမာသော သကြား ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှု | သတ်မှတ်နေ့ရက်အတွက် ကိန်းဂဏန်းများမှာ 2 နှင့် 18 ဖြစ်ပါသည်။ သင့်ကလေးအား အဆိုပါ ကိန်းဂဏန်းများ ရေးဆွဲခြင်းကို လေ့ကျင့်ပေးပါ။ ယနေ့အတွက် အဆိုပါကိန်းဂဏန်းများ ကိုနေရာဘယ်လောက်များများတွင် ရှာတွေ့နိုင်သည်ကို မှတ်သားပါ။ | မုန့်တစ်ခုပြုလုပ်ရန်အတွက် ညွှန်ကြားချက်များကို ရေး သားရန် ကူညီပေးပါ။ “မည်သည့်အရာကအရင်ဆုံးလာ ရမလဲဆိုသည်ကို မေးပါ။ နောက်ထပ် ဘာလုပ်ရမလဲ။” |
| အပတ်စဉ် 2 | သင့်ကလေးနှင့်အတူ အကြောင်းနှင့်အကျိုးကို ခွဲခြားသတ်မှတ်နိုင်သည့် အချက်ပြ စကားလုံးများကို ရှာဖွေပါ- အဘယ်ကြောင့်ဆိုသော်၊ အချိန်ကနှင့် ထို့ကြောင့် စသည်ဖြင့်။ | သင့်ကလေးအား ကာရန်များ ဖန်တီးနိုင်အောင် ကူညီပေးပါ။ သင့်ကလေးအား ““cake ” ဒါမှမဟုတ် ရယ်စရာစကားလုံးဖြစ်သည့် “laz” တို့လို စကားလုံးတွေနဲ့ ကာရန်ညီတဲ့ စကားလုံးတွေကို မေမေ့/ဖေဖေ့ကို ပြောပြနိုင်မလား” ဆိုသည့် မေးခွန်းကို မေးပါ။ | သင့်ကလေးအား စပါကတီ (အီတလီခေါက်ဆွဲ) ကို ပေးပါ။ ထို့နောက် အက္ခရာများထဲမှ စပါကတီ ဆိုသည်ကိုစာလုံးပေါင်း အသုံးပြုတတ်အောင် ကူညီပေးပါ။ | လွန်ခဲ့သော အပတ်က ပုံပြင်ကို တိကျမှန်ကန်မှုအဓိကထားပြီး သင့်ကလေးနှင့်အတူ နောက်တစ်ကြိမ် ပြန်ဖတ်ပါ။ အဆိုပါပုံပြင်ကိုပင် ကျွမ်းကျင်မှုနှင့် ထုတ်ဖော်ပြသမှု အဓိကထားပြီး ပြန်လည်ဖတ်ရှုပါ။ | သင့်ကလေးအား ရုပ်ပုံတစ်ပုံ သို့မဟုတ် ဓာတ်ပုံတစ်ပုံနှင့် ပတ်သက်သည့် အကြောင်း အရာတစ်ခုအား ပြောဆိုရန် ကူညီပေးပါ။ | သင့်ကလေးအား ဆယ်ကြိမ်ထိ ခုန်စေပြီး တစ်ချက်ခုန်တိုင်း တစ်ဟု ရေတွက်ခိုင်းပါ။ ထို့နောက် နှစ်ကြိမ်ခုန်တိုင်း နှစ်ဟု ရေတွက်ခိုင်းပါ၊ ထို့နောက် ငါးကြိမ် စသည်ဖြင့် ဆယ်ကြိမ်အထိ ပြုလုပ်ပေးသွားပါ။ | သင့်ကလေးအား စျေးစာရင်းတစ်ခုကို ရေးသားရာတွင် ကူညီပါဝင်ခိုင်းပါ။ |
| အပတ်စဉ် 3 | မုန့်ဖုတ်သည့်အခါ သင့်ကလေးအား အကြောင်းနှင့်အကျိုးကို တွေးတောတတ်အောင် ကူညီပေးပါ။ မာရီယာသည် ကိတ်မုန့်တစ်ခုကို ပြုလုပ်ခဲ့ပါသည် အဘယ်ကြောင့်ဆိုသော် ထိုနေ့သည် သူမမိခင်၏ မွေးနေ့ဖြစ်သောကြောင့် ဖြစ်ပါသည်။ | “ရယ်စရာ အမည်ပေး ဂိမ်း။ ” သင့်ကလေးအား အစားအသောက် အမည်တစ်ခု၏ အစ အက္ခရာကို အခြားအက္ခရာ တစ်ခုဖြင့် အစားထိုးပြီး အမည်ပေးခိုင်းပါ။ ဥပမာ - “Milk ကို Wilk ဟု လည်းကောင်း”။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ E ဖြစ်ပါသည်။ “E” ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ egg ကဲ့သို့သော /e/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | သင့်ကလေးအား ပုံပြင် တစ်ပုဒ်ကို ပြောစေပြီး သူ/သူမ ပြောသည့် အသံကို ဆဲလ်ဖုန်း/ ကွန်ပျူတာဖြင့် မှတ်တမ်းတင်ထားရှိပါ။ | သင့်ကလေးနှင့်အတူ အပတ်စဉ်တစ်က စကားလုံးများဖြင့် ဂိမ်းတစ်ခုပြုလုပ်ပါ။ တူညီချက်များနှင့် ကွဲပြားခြားနားချက်များကို စာရင်းပြုစုစေခြင်း သို့မဟုတ် ကာရန်အညီဆုံး စကားလုံးများကို ဘယ်သူက ရှာဖွေနိုင်သည်ကို ကြည့်ရှုပါ။ | သတ်မှတ်နေ့အတွက် ပုံသဏ္ဌာန်မှာ ကုဗတုံးပုံ ဖြစ်ပါသည်။ သင့်ကလေးနှင့်အတူ ယနေ့အတွက် မည်သည့်နေရာများတွင် ကုဗတုံးကို ရှာဖွေနိုင်သည်ကို ကြည့်ရှုပါ။ | သင့်ကလေးနှင့်အတူ လမ်းလျှောက်ထွက်ပါ။ သစ်ရွက် 10 ရွက်ကို ရှာဖွေပြီး ၎င်းတို့အကြားရှိ တူညီမှုနှင့်ကွာခြားမှုကို ရေးသားခိုင်းပါ။ |
| အပတ်စဉ် 4 | သင့်ကလေးနှင့်အတူ အစားအစာနှင့် အာဟာရအကြောင်း ပြောပြထားသည့် အကြောင်း အရာတစ်ခုကို ဖတ်ပါ။ ကျန်းမာသော စားသောက်မှု၏ အကြောင်းနဲ့အကျိုးကို ခွဲခြားသတ်မှတ်ပါ။ တစ်ရက်ကို ပန်းသီးတစ်လုံးစားပေးပါက ဆရာဝန်ဆီ သွားဖို့ မလိုဘူး။ | သင့်ကလေးများနှင့်အတူ စားသောက်သည့်အခါ သင့်အနေဖြင့် “beans” ကဲ့သို့သော /b/ နှင့် အစပြုသည့် ဟင်းလျာကို စားတော့မည်ကို ပြောပြပါ။ အခြားအစားအစာကိုလည်း ထိုနည်းအတိုင်း ပြောပြပါ။ | သင့်ကလေးအား /a/ အသံတိုရှိသည့် (ပန်းသီးကဲ့သို့သော) အစားအစာများကို တွေးခေါ်တတ်အောင် ကူညီပေးပါ။ စကားလုံးများကို အတူရေးပါ။ စာရင်းကို အတူဖတ်ကြည့်ပါ။ | စာပိုဒ်အတွင်းရှိ စကားစုများနှင့် ရင်းနှီးစေရန်အတွက် သင့်ကလေးနှင့်အတူ ကလေး တေးကဗျာများကို ရွတ်ဆိုပါ။ | သတ်မှတ်လအတွက် သီချင်း (Little Miss Muffet) မှ စကားလုံး တစ်လုံးကို သင့်ကလေးအား ရွေးချယ်ခိုင်းပြီး အဓိပ္ပါယ်ကို ပြောခိုင်းပါ။ | သင် ယနေ့ စားသုံးသည့် အစားအသောက်များထဲတွင် အသီးအရွက်နှင့် အမျိုးအစား ဘယ်လောက်များများ ပါဝင်သည်ကို ရေတွက်ခိုင်းပါ။ သင့်အနေဖြင့် အသီးအနှံ သို့မဟုတ် အသီးအရွက်ကို ပိုပြီးစားခဲ့သလားဆိုသည်ကို မေးမြန်းပါ။ ဘယ်လောက်များများ ပိုစားပါသလဲ။ | သင့်ကလေးအား စစ်မှုထမ်းဟောင်း တစ်ဦးထံ ကျေးဇူးတင်လွှာ ရေးခြင်းအား ကူညီပေးပါ။ |
| အပတ်စဉ် 5 | သင့်ကလေးအားအကြောင်း အကျိုးဆက်စပ်မှုများကို အချက်ပြသည့် စကားလုံး များကို နားလည်အောင် ကူညီဆောင်ရွက်ပေးပါ။ သကြားလုံးအများကြီး စားပြီးတဲ့နောက် ကျွန်တော် ဗိုက်နာနေပါတယ်။ | စတိုးဆိုင်တွင်ရှိစဉ် ပစ္စည်း 3 မျိုးကို ရွေးချယ်စေပြီး 2 မျိုးကို အစ/အဆုံး အသံတူညီသည့် ပစ္စည်းအား ရွေးချယ်မှုပြုလုပ်ခိုင်းပါ။ ကလေးများကို အသံတူညီမှုရှိသည့် ပစ္စည်းများကို စျေးခြင်းတောင်းထဲသို့ ထားခိုင်းပါ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ F ဖြစ်ပါသည်။ “F” ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ fish ကဲ့သို့သော /f/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | ထပ်တလဲလဲ ဖတ်ရှုပြီးဖြစ်သော ပုံပြင်တစ်ပုဒ်အတွင်းက သင်ရင်းနှီးနေသော စကားစုကို သင့်ကလေးအား ရွတ်ဆိုခိုင်းပါ။ | သင့်ကလေးအား အပြင်သို့ ခေါ်ထုတ်သွားပြီး စကားလုံးအသစ်တစ်ခုနှင့် မိတ်ဆက်ပေးပါ။ | သင့်ကလေးအား သူ/သူမထက် အရွယ်ရောက်သူ သို့မဟုတ် အသက်ကြီးသူ မောင်နှမ တစ်ဦးက ပြုလုပ်သည့် ယနေ့အစားအသောက်ပြင်ဆင်မှုတွင် ပါဝင်ကူညီ ရန်ပြောဆိုပါ။ ဟင်းချက်ရန် ဟင်းချက်နည်း သို့မဟုတ် လမ်းညွှန်ချက်များကို ရှာဖွေစေခြင်းနှင့် ပါဝင်ပစ္စည်းပမာဏတို့ကိုလည်း အတိုင်းအဆ ပြုလုပ်ခိုင်းပါ။ | သင့်ကလေးအား အက္ခရာ တစ်ခုချင်းစီဖြင့် အစပြုသည့် အစားအစာများ၏အမည်ကို ရေးသားခိုင်းပြီး တွေးခေါ်တတ်အောင် ကူညီပေးပါ။ စကားလုံးများကို ရေးပါ။ |

ဒေသတွင်း အရင်းအမြစ် - Tri-County ဧရိယာတွင် ကျန်းမာရေးနှင့် အာဟာရပြည့်ဝရေးကို ထောက်ပံ့ပေးနိုင်မည့် ကောင်းမွန်သည့် အရင်းအမြစ်များ များစွာရှိပါသည်။ သင့်အနေဖြင့် လှုပ်ရှားဆောင်ရွက်မှုများနှင့် အခမ်းအနားများ စာရင်းတစ်ခုကို https://www.capitalareahealthalliance.org/healthy_living_resources.php ရှိ ကျန်းမာသော အသင်းအဖွဲ့ ပြက္ခဒိန်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မိသားစုနှင့် ဆက်သွယ်ခြင်း



နေအိမ်မှ ကြီးပြင်းလာသည့် ကလေးများအား ကျောင်းတွင် စာဖတ်စွမ်းရည် ပိုမိုတိုးတက်ပြီး ပိုမိုထက်မြက်လာရန်အတွက် စာအရေးအဖတ်စွမ်းရည်ကို တိုးမြှင့်ပေးပါသည်။ ၎င်းက ကလေးငယ်များ၏ စိတ်ကူးစိတ်သန်းကို လှုံ့ဆော်ပေးခြင်း၊ ကမ္ဘာကြီးအပေါ် ၎င်းတို့၏ နားလည်သိမြင်မှုကို တိုးပွားစေခြင်း၊ ဘာသာစကားနှင့် နားထောင်မှုစွမ်းရည် တိုးတက်လာစေခြင်းတို့ကို ပြုလုပ်ပေးပါသည်။ သင့်ကလေးနှင့်အတူ အရေးကြီးသည့် မက်ဆေ့ချ်တစ်ခုကို အချိန်မှန်ပေးပို့သည့် အရေးအဖတ် လှုပ်ရှားမှုများကို ဆောင်ရွက်နိုင်ရန် အချိန်ရှိပါစေ - စာဖတ်ခြင်းသည်လည်း အကျိုးရှိစေပါသည်။

စာဖတ်သူများသည် ခေါင်းဆောင်များဖြစ်သည်။

Rhyme/Song of the month: This Little Piggy
This little piggy went to market,
This little piggy stayed home,
This little piggy had roast beef,
This little piggy had none,
And this little piggy cried "wee, wee, wee"
All the way home.

လေ့ကျင့်ခန်းများ
Piggy ကဲ့သို့သော /i/ အသံတိုထွက်သည့် အခြား စကားလုံးများကို ဖော်ပြပါ။
"w-"နှင့် အစပြုသည့် အခြားစကားလုံးများကို ဖော်ပြပါ။
ဝက်ကလေးတစ်ကောင်ချင်းစီ၏ ရုပ်ပုံကိုဆွဲပါ။

## နိုဝင်ဘာ

မိသားစုနှင့်ဆက်သွယ်ခြင်းကို အခြေခံထားသော ပညာရေးဆိုင်ရာ ဖော်ပြချက်များကို ကြည့်ရှုနိုင်ရန်အတွက် PBS မိဘများ အစီအစဉ်ကို သင့်ကလေးနှင့်အတူ ရှာဖွေ လေ့လာလိုက်ပါ - Martha Speaks, http://www.pbs.org/parents/martha/။

| | တနင်္လာ (နားလည်နိုင်စွမ်း) | တနင်္ဂနွေ... | | | | | |
|---|---|---|---|---|---|---|---|

| | တနင်္ဂနွေ (နားလည်နိုင်စွမ်း) | တနင်္လာ (အသံထွက်ပိုင်းတတ်သိနားလည်မှု) | အင်္ဂါ (အက္ခရာများကို ကိုယ်စားပြုသည့် အသံထွက်များကို ဖတ်တတ်ခြင်း) | ဗုဒ္ဓဟူး (ကျွမ်းကျင်မှု) | ကြာသပတေး (ဝေါဟာရ/ စကားလုံးလေ့လာခြင်း) | သောကြာ (အစောပိုင်းကာလ အတွက်အချက်) | စနေ (စာရေးသားခြင်း) |
|---|---|---|---|---|---|---|---|
| အပတ်စဉ် 1 | သင့်အနေဖြင့် နှိုင်းယှဉ်မှု ပြုလုပ်သည့်အခါ နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော အရာဝတ္ထုများ တူညီမှုရှိခြင်း သို့မဟုတ် ကွဲပြားမှုရှိခြင်း အကြောင်းကို ပြောဆိုပါ။ သင့်ကလေးအား ပုံပြင်များထဲတွင် ပါဝင်သည့် ဇာတ်ဆောင်များကို နှိုင်းယှဉ်မှု ပြုလုပ်ရန် ပြောဆိုပါ။ | မိသားစုများအကြောင်း ဖော်ပြထားသည့် စာအုပ်တစ်အုပ်အား သင့်ကလေးနှင့်အတူ ဖတ်ပါ။ အသံ 3 မျိုးပါဝင်သည့် စကားလုံးများကို ရှာဖွေပါ။ အဆိုပါအသံများပါသည့် စကားလုံးများကို ရွတ်ဆိုခိုင်းပါ၊ ဥပမာ - /c/ /a/ /t/။ သင့်ကလေးများအား အဆိုပါ စကားလုံးကို ရွတ်ဆိုခိုင်းပါ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ G ဖြစ်ပါသည်။ "G" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ goat ကဲ့သို့သော /g/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | ရုပ်ပုံများကို အတူဆွဲပြီး ၎င်းတို့ကို အညွှန်းတပ်ပါ။ အညွှန်းများ ဖတ်ခြင်းကို လေ့ကျင့်ပါ။ | သင့်ကလေးအား စကားလုံးအသစ်များနှင့် မိတ်ဆက်ပေးပါ - မိသားစု အားလပ်ရက်များ ရိုးရာ | သတ်မှတ်ရက်အတွက် ကိန်းဂဏန်းများမှာ 3 နှင့် 17 ဖြစ်ပါသည်။ သင့်ကလေးအား အဆိုပါ ကိန်းဂဏန်းများ ရေဆွဲခြင်းကို လေ့ကျင့်ပေးပါ။ ယနေ့အတွက် အဆိုပါကိန်းဂဏန်းများကို နေရာဘယ်လောက်များများတွင် ရှာတွေ့နိုင်သည်ကို မှတ်သားပါ။ | သင့်ကလေးများအနေဖြင့် ကျေးဇူးတင်မိသော အကြောင်းအရာများပါဝင်သည့် စာရင်းတစ်ခုကို ပြုစုရာတွင် ကူညီပေးပါ။ လ တစ်လ၏ ရက်တစ်ရက်စီတွင် အသစ်အဆန်းတစ်ခုကို စာရင်းတွင် ထည့်သွင်းပါ။ |
| အပတ်စဉ် 2 | သဏ္ဍာန်တူခြင်းဆိုသည်မှာ အရာဝတ္ထုပစ္စည်းများ တစ်ခုနှင့်အတူ တူညီခြင်းကို ခေါ်ဆိုသည်ကို သင်ကြားပါ။ ကွဲပြားခြင်းဆိုသည်မှာ အရာဝတ္ထုပစ္စည်းများ တစ်ခုနှင့်တစ်ခု တူညီမှု မရှိခြင်းကို ခေါ်ဆိုသည်ဟု သင်ကြားပါ။ ဝက်ကလေးသုံးကောင် သီချင်းကို ဖတ်ပြီး သင့်ကလေးအား ၎င်းတို့က မည်ကဲ့သို့ တူညီကြောင်းနှင့် မည်ကဲ့သို့ ကွဲပြားကြောင်း ပြောဆိုစေပါ။ | "ရယ်စရာ အမည်ပေး ဂိမ်း။" သင့်ကလေးအား မိသားစုဝင်တစ်ဦးစီ၏ အစ အက္ခရာကို အခြားအက္ခရာတစ်ခုဖြင့် အစားထိုးပြီး အမည်ပေးခိုင်းပါ။ ဥပမာ - Bob ကို "Tob" ဟူ၍လည်းကောင်း။ | သင့်ကလေးများ၏ အက္ခရာယှဉ်တွဲခြင်းနှင့် အသံထွက်ခြင်းကို လေ့ကျင့်နိုင်မည့် ခန့်မှန်းရသည့် ဂိမ်းတစ်ခုကို ဆော့ကစားပါ။ "ကျွန်ုပ်နေဖြင့် /t/ အသံနှင့် အစပြုသည့် တစ်စုံတစ်ခုအကြောင်းကို စဉ်းစားနေပါသည်။" | အနုပညာ ပရောဂျက်တစ်ခုအတွက် ရိုးရှင်းသည့် ညွှန်ကြားချက်များကို ဖတ်/ရေးပါ။ သင့်ကလေးအား ၎င်းတို့ကို သင့်ထံ ဖတ်ပြစေပြီး ပရောဂျက်ကို ပြည့်စုံအောင် ဆောင်ရွက်စေပါ။ | သင့်မိသားစု၏ ရုပ်ပုံတစ်ခု သို့မဟုတ် ဓာတ်ပုံတစ်ပုံနှင့် ပတ်သက်သည့် အကြောင်းအရာတစ်ခုကို ပြောဆိုခိုင်းပါ။ | သင့်ကလေးအား အောက်ပါတို့ကို မေးမြန်းပါ - သင့်မိသားစုတွင် မိသားစုဝင် ဘယ်နှစ်ယောက်ရှိပါသလဲ။ ယောကျာ်းလေး ဘယ်နှစ်ယောက်ရှိပါသလဲ။ မိန်းကလေးဘယ်နှစ်ယောက်ရှိပါသလဲ။ သင်၏ တိုးပွားလာသော မိသားစုထဲတွင် မိသားစုဝင် ဘယ်နှစ်ယောက်ရှိပါသလဲ။ | သင့်ကလေးအား မိသားစု ဖွဲ့စည်းပုံတစ်ခုကို ပြုလုပ်ခိုင်းပြီး အညွှန်းများ တပ်ခိုင်းပါ။ |
| အပတ်စဉ် 3 | သင့်ကလေးနှင့်အတူ ပုံပြင်တစ်ပုဒ်ကို ဖတ်ပြီး ဇာတ်ကောင်များ၏ တူညီမှုနှင့် ကွဲပြားမှုများအကြောင်းကို ရှာဖွေရန် အချိန်ပေးပါ။ | မိသားစုဝင်တစ်ဦးချင်း အနေဖြင့် နှစ်သက်သည့် စာအုပ်တစ်အုပ်၊ ကဗျာ သို့မဟုတ် ကလေးတေးကဗျာကို ရွေးချယ်ပြီး အတူတကွ ဖတ်ပါ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ H ဖြစ်ပါသည်။ "H" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ horse ကဲ့သို့သော /h/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | သင့်ကလေးအား ၎င်းတို့နှစ်သက်သည့် သီချင်းများကို သီဆိုစေပြီး သီချင်းများထဲမှ နှစ်သက်သည့် စာကြောင်းများကို ထပ်ခါထပ်ခါ ရွတ်ဆိုစေပါ။ | သင့်ကလေးအား "မိသားစု ဆိုတာ ဘာလဲ ဆိုသည်ကို ရှင်းပြခိုင်းပါ။ တစ်ချို့သော မိသားစုများတွင် တစ်ဦးနှင့်တစ်ဦး ကွဲပြားအောင် ဘယ်အရာက ပြုလုပ်သနည်း။ မိသားစုအားလုံး တူညီနေပါက ကမ္ဘာကြီး မည်ကဲ့သို့ဖြစ်သွားနိုင်သလဲ။" | သတ်မှတ်နေ့ရက်အတွက် ပုံသဏ္ဌာန်မှာ ကန်တော့ချွန် ဖြစ်ပါသည်။ သင့်ကလေးအား ကန်တော့ချွန်တစ်ခု၏ပုံကို ဆွဲခိုင်းပါ။ ယနေ့အတွက် ကန်တော့ချွန်ပုံများကိုနေရာ ဘယ်လောက်များများတွင် တွေ့နိုင်သည်ကို လေ့လာပါ။ | သင့်ကလေးနှင့်အတူ မိသားစုလိုက် တစ်နေရာသို့ သွားရောက်ခဲ့သည့် အချိန်တစ်ခု အကြောင်းကို ပြောဆိုဆွေးနွေးပါ။ ၎င်းနှင့်ပတ်သက်ပြီး အကြောင်းအရာတစ်ခု ရေးသားခိုင်းပါ။ |
| အပတ်စဉ် 4 | like၊ both နှင့် similarly ကဲ့သို့ နှိုင်းယှဉ်မှုပြစကားလုံးနှင့် unlike၊ but နှင့် however ကဲ့သို့ ဆန့်ကျင်ဘက်ပြ စကားလုံးများ။ စာအုပ်တစ်အုပ်ကို အတူဖတ်ပြီး အထက်ပါစကားလုံး ဘယ်လောက်များများပါသလဲ ဆိုသည်ကို လေ့လာကြည့်ပါ။ | သင့်ကလေးအား မိသားစုနှင့်မိတ်ဆွေများ၏ နာမည်များကို တစ်လုံးချင်းစီ ခွဲထုတ်ပြီး ကျယ်လောင်စွာ ရွတ်ဆိုခိုင်းပါ။ | /e/ အသံတိုထွက်သည့် စကားလုံးများကို ရှာဖွေပါ (egg မှာကဲ့သို့)။ ပန်းချီစုတ်တံများနှင့် ရောင်စုံမြေဖြူချောင်းများကို အသုံးပြုပြီး စကားလုံးများ ရေးသားပါ။ | သင့်ကလေး၏ အနုပညာ ပရောဂျက်များအတွက် အနုပညာ စာအုပ် တစ်အုပ်ကို ၎င်းနှင့်အတူ ပြုလုပ်ပါ။ ပရောဂျက်တစ်ခုချင်းစီနှင့် ပတ်သက်သည့် ဝါကျတစ်ခုကို ရေးပါ။ မကြာခဏ ပြန်ဖတ်ပါ။ | သတ်မှတ်လအတွက် သီချင်းဖြစ်သည့် (This Little Piggy) မှ စကားလုံးတစ်လုံး ရွေးချယ်ပါ။ သင့်ကလေးအား အဓိပ္ပါယ်ကို ပြောပြခိုင်းပါ။ | သင့်ကလေးအား အောက်ပါတို့ကို မေးမြန်းပါ - "ကျွန်ုပ်တို့အိမ်/တိုက်ခန်း နံပါတ်က ဘယ်လောက်လဲ။" ကိန်းဂဏန်းကို အတူတကွ ကူညီရေတွက်ပါ။ "ကိန်းဂဏန်းက ကြီးသွားသလား ငယ်သွားသလား။ သင့်နံပါတ်မှာ 10 ပေါင်းပါ။ 5 နုတ်ပါ။" | ကျေးဇူးတော်နေ့ ညစာအတွက် မည်သည့် အစားအသောက်က ဘာလဲဆိုသည်ကို သင့်ကလေးကို ပြောပြခိုင်းပါ။ သင့်ကလေးအား အကောင်းဆုံးအစားအစာကို ရွေးချယ်တတ်သည့် တစ်စုံတစ်ယောက်အကြောင်းကို စာတစ်ပုဒ်ရေးခိုင်းပါ။ |
| အပတ်စဉ် 5 | သင်တို့နှစ်သက်သည့် ပုံပြင်ကို မဖတ်ခင်၊ ဖတ်နေစဉ်နှင့် ဖတ်ပြီးနောက်ပိုင်း ပုံပြင်ထဲက ဇာတ်ကောင်များနှင့်ပတ်သက်သည့် မေးခွန်းများကို မေးပါ။ | သင့်ကလေးအား စာအုပ်တစ်အုပ်ကို ရွေးချယ်စေပြီး မိသားစုဝင်တစ်ဦးကို ဖတ်ပြခိုင်းပါ။ | သင့်ကလေးနှင့်အတူ အသံထွက်တူချင်း ဆက်ရသည့် စကားလုံးဂိမ်းများကို ဆော့ပါ (အက္ခရာများက "p-e-n" ဖြစ်ပါက pen ဟု စာလုံးပေါင်းခိုင်းပြီး hen ကို ဘယ်လို စာလုံးပေါင်းမလဲဆိုတာကို မေးပါ။) | သင့်ကလေးအား ဝါကျတစ်ကြောင်းကို ပြောပြပြီး သူ/သူမအား အဆိုပါဝါကျကို သင့်ထံ ပြန်ပြောခိုင်းပါ။ သင့်ကလေးအား သူ/သူမ ရွတ်ဆိုနိုင်သည့် စကားလုံးအရေအတွက်ကို ပိုတိုးလာအောင် စိန်ခေါ်ပေးပါ။ | သင့်ကလေးအား မိသားစုဝင်များ၏ ရုပ်ပုံတစ်ပုံကို ကူညီရေးဆွဲပေးပါ။ | သင့်ကလေးအား မိသားစုဝင်များ၏ အသွင်သဏ္ဌာန်များကို နှိုင်းယှဉ်မှု ပြုလုပ်ခိုင်းပါ။ ဘယ်သူက အရပ်အရှည်ဆုံးလဲ။ ဘယ်သူက အရပ်အတိုဆုံးလဲ။ ဘယ်သူက ဆံပင်အနက်ဆုံးလဲ။ အသေးဆုံးက။ ဘယ်သူက အငယ်ဆုံးလဲ။ ဘယ်သူက အသက်အကြီးဆုံးလဲ။ | သင့်ကလေးက မိသားစုဝင်တစ်ဦးကို ရယ်စရာ ပုံပြင်တစ်ပုဒ် ပြောဆိုအောင် ပြုလုပ်ပေးပါ။ |

ဒေသတွင်း အရင်းအမြစ် - Appleseed ပရောဂျက်သည် မိဘများအနေဖြင့် ၎င်းတို့၏ ကလေးများကို လှုံ့ဆော်မှုများနှင့် ညှိနှိုင်းမှုများလုပ်ဆောင်နိုင်ရန်အတွက် အခမဲ့ အသုံးပြုသည့် အရာဖြစ်ပါသည်။ အဆိုပါ အရင်းအမြစ်ကို http://www.projectappleseed.org/motivate-the-unmotivated-child တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ အဆိုပါ ဝက်ဘ်ဆိုဒ်ပေါ်တွင် ရက် 150 စာ ညှိနှိုင်းဆောင်ရွက်ရေး လှုပ်ရှားမှုကဲ့သို့သော အကူအညီဖြစ်စေသည့် အသုံးအဆောင်များကို ရယူနိုင်ပါသည် http://www.projectappleseed.org/activities။

# စိတ်ခံစားချက်များနှင့် ဆက်ဆံရေးအကြောင်းကို သင်ယူလေ့လာခြင်း



ယခုလိုအသက်ငယ်နေစဉ်အချိန်တွင် သင့်ကလေးအနေဖြင့် သူမ ဘယ်လိုခံစားနေရ သည်ဟုသည့် ခံစားချက်ကို တိတိကျကျ ပြောတတ်ရန် အခက်အခဲရှိနိုင်ပါသည်။ ကလေးများအနေဖြင့် အစောပိုင်းမူလတန်းနှစ်များအတွင်း အတည်အကျ ကျောင်းသို့ ရောက်ရှိသောအခါ ၎င်းတို့အနေဖြင့် ရွယ်တူများနှင့် အရွယ်ရောက် ပြီးသူများနှင့် ပိုမို ဆက်သွယ်ဆက်ဆံလာရပါသည်။ အခြားသူများနှင့် ပိုမိုထိတွေ့မှုရှိလာစေပြီး ၎င်းတို့၏ ကမ္ဘာကြီးအပေါ် သိရှိနားလည်မှုအား ပိုမို ကျယ်ပြန့်လာစေပါသည်။ ယခုအသက်အရွယ်ရှိသည့် ကလေးများအနေဖြင့် သူတို့၏ ခံစားချက်များနှင့် ဖြစ်ပွားစေသည့် အကြောင်းအရာများကို ခွဲခြားသတ်မှတ်နိုင်သည့် စွမ်းရည် ဖွံ့ဖြိုးတိုးတက်သည့် အချိန် ဖြစ်ပါသည်။ ထို့ပြင် ၎င်းတို့၏ စိတ်ခံစားချက်များကို မည်သို့ ထားရှိရမည်ကို သင်ယူသည့်အချိန်ဖြစ်ပြီး ဆီလျော်သည့် အပြုအမူများကိုလည်း ပြုလုပ်တတ်ရန် သင်ယူသည့်အချိန် လည်းဖြစ်ပါသည်။

ယနေ့အတွက် သင့်ကလေးကို ပွေ့ဖက်ပြီးပြီလား။

Rhyme/Song of the month: Hickory Dickory Dock
Hickory, dickory, dock,
The mouse ran up the clock.
The clock struck one,
The mouse ran down,
Hickory, dickory, dock.

လေ့ကျင့်ခန်းများ
"d" နှင့်စသည့် စကားလုံးနှင့် ကာရန်ရှိသော စကားလုံး ဘယ်လောက်ရှိသနည်း။
"d" နှင့်စသော အခြားစကားလုံးများကို ဖော်ပြပါ။
အခြားအချိန်တစ်ခုကိုသုံးပြီး ကဗျာကို ပြန်ရေးပါ။
1:00 နာရီထိုးနေသည့် နာရီတစ်လုံး၏ ပုံတစ်ပုံကို ဆွဲပါ။

## ဒီဇင်ဘာ

စိတ်ခံစားချက်များနှင့် ဆက်နွယ်မှုများဆိုင်ရာ သင်ယူလေ့လာခြင်းကို အခြေခံထားသော ပညာရေးဆိုင်ရာ ဖော်ပြချက်များကို ကြည့်ရှုနိုင်ရန်အတွက် PBS မိဘများအစီအစဉ်ကို သင့်ကလေးနှင့်အတူ ရှာဖွေလေ့လာလိုက်ပါ - Daniel Tiger's Neighborhood, http://www.pbs.org/parents/daniel/။

| | တနင်္ဂနွေ<br>(နားလည်နိုင်စွမ်း) | တနင်္လာ<br>(အသံထွက်ပိုင်းတတ်သိနားလည်မှု) | အင်္ဂါ<br>(အက္ခရာများကို ကိုယ်စားပြုသည့် အသံထွက်များကို ဖတ်တတ်ခြင်း) | ဗုဒ္ဓဟူး<br>(ကျွမ်းကျင်မှု) | ကြာသပတေး<br>(ဝေါဟာရ/ စကားလုံးလေ့လာခြင်း) | သောကြာ<br>(အစောပိုင်းကာလ အတွက်အချက်) | စနေ<br>(စာရေးသားခြင်း) |
|---|---|---|---|---|---|---|---|
| အပတ်စဉ် 1 | အဓိကဆိုလိုရင်းသည် ပုံပြင်တစ်ခုလုံး၏အကြောင်းကို ပြောပြခြင်း ဖြစ်ပါသည်။ အထောက်အပံ့ဖြစ်စေသော အသေးစိတ်အချက်အလက်များသည် အဓိကဆိုလိုရင်းကို ထုတ်ဖော်ပြသခြင်းနှင့် ရှင်းလင်းခြင်းတို့ကို ပြုလုပ်ပါသည်။ ပုံပြင်တစ်ပုဒ်ကို သင့်ကလေးနှင့်အတူ ဖတ်ပြီး အဓိကဆိုလိုရင်းနှင့် အသေးစိတ် အချက်အလက်များကို ပြောပြပါ။ | သင့်ကလေးအား အသံ 2 မျိုးကို ရွတ်ဆိုခိုင်းပါ။ ၎င်းတို့အား "ထိုအသံများနှင့် စ/ဆုံးသည့် ပစ္စည်းများကို ကောက်ယူပါ" ဟုပြောပါ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ I ဖြစ်ပါသည်။ "I" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ igloo ကဲ့သို့သော /i/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | သင့်ကလေးအား တိရိစ္ဆာန်များ၊ အိမ်မွေးတိရိစ္ဆာန်များ၊ မောင်နှမများ၊ အိမ်နီးနားချင်းများ၊ အဘိုးအဘွားများ သို့မဟုတ် နားထောင်လိုသူတို့ထံ ပြောပြခိုင်းပါ။ | သင့်ကလေးအား စကားလုံးအသစ်များနှင့် မိတ်ဆက်ပေးပါ- စိတ်ရှုပ်ထွေးသော စိတ်လှုပ်ရှားသော စိတ်ပျက်သော | သတ်မှတ်နေ့ရက်အတွက် ကိန်းဂဏန်းများမှာ 4 နှင့် 16 ဖြစ်ပါသည်။ သင့်ကလေးအား အဆိုပါ ကိန်းဂဏန်းများ ရေးဆွဲခြင်းကို လေ့ကျင့်ပေးပါ။ ယနေ့အတွက် အဆိုပါကိန်းဂဏန်းများကို နေရာဘယ်လောက်များများတွင် ရှာတွေ့နိုင်သည်ကို မှတ်သားပါ။ | သင့်ကလေးနှင့်အတူ မှန်ကြည့်ပြီး မျက်နှာအမျိုးမျိုးကို ပြုလုပ်ကြည့်ပါ။ သင ပျော်ရွှင်လား၊ ဝမ်းနည်းလား၊ ဒေါသထွက်သလား၊ ရယ်စရာကောင်းနေလား။ သင်တို့ကို ပျော်ရွှင်စေသည့် အကြောင်းအရာတစ်ခုကို အတူရေးပါ။ |
| အပတ်စဉ် 2 | သင့်ကလေးနှင့်အတူ ရင်းနှီးမှုနှင့်ပတ်သက်သည့် အကြောင်းအရာတစ်ခုကို ဖတ်ပါ။ အဓိကဆိုလိုရင်းနှင့် အသေးစိတ်အချက်အလက်များကို အတူရှာဖွေပါ။ | အပြင်ထွက်လမ်းလျှောက်ရင်း နားထောင်မှု ပြုလုပ်ပေးပါ။ မိမိတို့ကြားရသည့် အသံများ၏ ခြားနားချက်များအကြောင်း ပြောဆိုပါ။ သူတို့ကြားရသော အသံများကို ပုံဖော်ခိုင်းပါ။ | အက္ခရာများ၏ အသံများကို ပြုလုပ်ခိုင်းပြီး ပြောင်းမှုန့် သို့မဟုတ် သဲပေါ်တွင် အဆိုပါ ယှဉ်တွဲထားသည့် အက္ခရာများကို ပုံဖော်ရေးဆွဲခိုင်းပါ။ | စိတ်ခံစားချက်များအကြောင်း ရေးသားထားသည့်စာအုပ် တစ်အုပ်ကို ဖတ်ပါ။ စာကြည့်တိုက်သို့ အတူသွားပြီး စာကြည့်တိုက်မှူးအား စိတ်ကူးများအကြောင်း ရေးထားသည့် စာအုပ်အကြောင်း မေးပါ။ မိတ်ဆွေတစ်ဦးကို ဖတ်ပြပါ။ | သင့်ကလေးအား သူတို့ အမှန်တကယ် အံ့သြမှုဖြစ်ခဲ့သော သို့မဟုတ် စိတ်လှုပ်ရှားမှု ဖြစ်ခဲ့သော အချိန်တစ်ခု အကြောင်း ပြောပြခိုင်းပါ။ | သင့်ကလေးအနေဖြင့် စိတ်ပျက်မှု ခံစားရသည့်အခါ စိတ်တည်ငြိမ်သွားအောင် ဂဏန်းတစ်ခုမှစပြီး နောက်သို့ ပြန်ရေတွက်ခိုင်းပါ။ | သင့်ကလေးအား သူတို့နှစ်သက်သော ကစားစရာများနှင့် ဂိမ်းများ၏ စာရင်းတစ်ခုကို ပြုလုပ်ခိုင်းပါ။ |
| အပတ်စဉ် 3 | ပုံပြင်တစ်ပုဒ်ကို ဖတ်ပါ။ သင့်ကလေးက နားမလည်လိုက်သည့် အရာများရှိပါက ဘယ်အရာကို သိုဝှက်ထားပြီး အဘယ်ကြောင့် နားမလည်ခြင်းဖြစ်သည်ကို ရှာဖွေနိုင်အောင် ကူညီပေးပါ။ | သင့်မိသားစုနှင့်အတူ ဝိုင်းထိုင်ပြီး သင့်ကလေးအား လျှို့ဝှက်ချက်တစ်ခုကို တိုးတိုးလေးပြောပါ။ နောက်ဆုံး တစ်ယောက်က ထိုလျှို့ဝှက်ချက်ကို "ပြောသည့်" အချိန်ထိ တစ်ယောက်ပြီးတစ်ယောက် လက်ဆင့်ကမ်း ပြောပြပါ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ J ဖြစ်ပါသည်။ "J" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ jar ကဲ့သို့သော /j/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | ရင်းနှီးမှုအကြောင်း ဖော်ပြထားသည့် စာအုပ်တစ်အုပ်ကို သင့်ကလေးအား အသံထွက်ပြီး ဖတ်အောင်ကူညီပေးပါ။ စာဖတ်ကျွမ်းကျင်မှု မြင့်မားလာအောင် ထပ်ဖတ်ခိုင်းပါ။ | အပတ်စဉ် တစ်က စကားလုံးများဖြင့် ဂိမ်းတစ်ခုကစားပါ။ သင့်ကလေးများအား တူညီချက်များနှင့် ကွဲပြားခြားနားချက်များကို စာရင်းပြုစုစေခြင်း သို့မဟုတ် ကာရန် အညီဆုံး စကားလုံးများကို ဘယ်သူက ရှာဖွေနိုင်သည်ကို ကြည့်ရှုပါ။ | သတ်မှတ်နေ့ရက်အတွက် ပုံသဏ္ဌာန်မှာ ဆလင်ဒါ (ထုလုံးရှည်) ဖြစ်ပါသည်။ သင့်ကလေးအား ဆလင်ဒါ ပုံတစ်ခုအား ကူညီရေးဆွဲပေးပါ။ ယနေ့အတွက် ဆလင်ဒါပုံများကို နေရာ ဘယ်လောက်များများတွင် တွေ့နိုင်သည်ကို လေ့လာပါ။ | သင့်ကလေးအား လက်ဆောင်ပစ္စည်း တစ်ခုကို ထုပ်ပိုးစေပြီး ဘယ်လိုထုပ်ပိုးရမည် ဆိုသည့် လမ်းညွှန်ချက်များကို ရေးခိုင်းပါ။ ဘယ်ဟာကို အရင်ဆုံး ပြုလုပ်ရမလဲ။ နောက်ထပ် ဘာလုပ်ရမလဲ။ စသည်ဖြင့်။ |
| အပတ်စဉ် 4 | ပုံပြင်တစ်ပုဒ်ကို ဖတ်နေစဉ် ကလေးများ၏ စိတ်ကူးတွင် စကားလုံးများကို တွေးစေပြီး ရုပ်ပုံများကို ဖန်တီးပေးပါ။ ၎င်းက ကလေးများအား ပုံပြင်နှင့် ရင်းနှီးမှု ပိုဖြစ်စေပါသည်။ | ရင်းနှီးမှုအကြောင်း ရေးသားထားသည့် စာအုပ်တစ်အုပ်ကို သင့်ကလေးနှင့်အတူ ဖတ်ပါ။ အသံ 3 မျိုးပါဝင်သည့် စကားလုံးများကို ရှာဖွေပါ။ အဆိုပါအသံများပါသည့် စကားလုံးများကို ရွတ်ဆိုခိုင်းပါ၊ ဉပမာ - /c/ /a/ /t/။ သင့်ကလေးများအား အဆိုပါ စကားလုံးကို ရွတ်ဆိုခိုင်းပါ။ | /i/ ကဲ့သို့သော သံတိုရှိသည့် ကစားစရာများနှင့် ဂိမ်းများအကြောင်း တွေးတောခိုင်းပါ (igloo ကဲ့သို့ စကားလုံး)။ စကားလုံးများကို ရေးခိုင်းပြီး အတူဖတ်ပါ။ | သင့်ကလေးများအား ရင်းနှီးမှုအကြောင်း ရေးသားထားသည့် စာလုံးရေ 100-200 ထိရှိသည့် ကဗျာတစ်ပုဒ်ကို ရွေးချယ်ခိုင်းပါ။ သင့်ကလေးများဖတ်သည့် ကြာချိန်ကို မှတ်သားထားပြီး စာဖတ်နှုန်းပိုမြန်လာအောင် ပြုလုပ်ပေးပါ။ | သတ်မှတ်လ၏ သီချင်း (Hickory, Dickory, Dock) မှ စကားလုံးတစ်ခုကို ရွေးချယ်ခိုင်းပါ။ သင့်ကလေးအား အဓိပ္ပါယ်ကို ပြောပြခိုင်းပါ။ | အရာဝတ္ထုများကို သင့်ကလေးနှင့်အတူ ရေတွက်ပါ။ အရာဝတ္ထုများကို ရေတွက်သည့်အခါ ထိကိုင်ပြီးမှ အလှည့်ကျ ရေတွက်ပါ။ | 12 Days of Christmas ကဲ့သို့ ၎င်းတို့၏ ကိုယ်ပိုင်ခံစားချက် ကဗျာများကို ဖန်တီးခိုင်းပါ။ |
| အပတ်စဉ် 5 | သင့်ကလေးနှင့်အတူ ပုံပြင်တစ်ပုဒ်ကိုဖတ်ပြီး ဇာတ်ကောင်များအပါအဝင် အဓိကဖြစ်စဉ်များကို အသုံးပြုပေးခြင်း၊ ဆက်တင်ချခြင်းနှင့် ဇာတ်ကွက်ကို ပြန်လည်ပြော ဆိုခြင်းများ ပြုလုပ်ပေးပါ။ | သင့်ကလေးအား အားလပ်ရက်ကဒ်တစ်ခု ကူညီပြုလုပ်ပေးပါ။ ၎င်းတို့အား စကားလုံးများရေးခြင်း၊ စကားလုံးများကို ရွတ်ဆိုစေခြင်းများပြုလုပ်စေပြီး /h/ /i/၊ "hi" ဆိုသည့်စကားလုံးကို ပြောဆို အောင်ပြုလုပ်ပါ။ | သင့်ကလေးအား ကြော်ငြာများကို ကြည့်ရှုစေပြီး သူ/သူမ မှတ်မိသည့် အရာများကို ညွှန်ပြခိုင်းပါ။ စာမျက်နှာပေါ်က ဘယ် အက္ခရာများ/စကားလုံးများကို သူတို့သိသလဲဆိုတာ မေးပါ။ | သင့်ကလေးအား အသံများ ပါဝင်သည့် စာအုပ်များကို နားထောင်ခိုင်းပါ။ ထိုသို့ပြုလုပ်ခြင်းက စာဖတ်ခြင်းနှင့်ပတ်သက်ပြီး အခြားနည်းလမ်းဖြင့် ကျွမ်းကျင်မှုကို ကြားသိစေပါသည်။ | သင့်ကလေးများအား အပြင်သို့ခေါ်ထုတ်ပြီး သင်တို့ တွေ့မြင်ရသော၊ အနံ့ရသော သို့မဟုတ် တွေ့ကြုံရသော တစ်စုံတစ်ခုနှင့်ပတ်သက်သည့် စကားလုံး အသစ်တစ်လုံးကို သူတို့နှင့် မိတ်ဆက်ပေးပါ။ | အုပ်စုလိုက် အပေါင်းနှင့် အနုတ်ပုစ္ဆာများကို ဖြေရှင်းတွက်ချက်ပါ။ အခု လူ 5 ယောက်ရှိတယ် ဒါပေမယ့် 2 ယောက်က ထွက်သွားတယ်။ | သင့်ကလေးအား နှစ်သစ်ကူး ဆုံးဖြတ်ချက်ကို ချရေးခိုင်းပါ။ |

ဒေသတွင်း အရင်းအမြစ် - အိမ်တွင်နေထိုင်ပြီး လူမှုရေးပိုင်းနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာကို စတင်သင်ယူခြင်း ကလေးငယ်များ၏ လူမှုရေးပိုင်းနှင့်စိတ်ခံစားမှုပိုင်း တတ်သိနားလည်မှု ဖွံ့ဖြိုးလာရေးအတွက် မိဘများနှင့် မိသားစုများသည် အရေးပါသော တွဲဘက်များဖြစ်ပါသည်။ Casel ဆိုသည်မှာ မိဘများအတွက် လူမှုရေးပိုင်းနှင့် စိတ်ခံစားမှုပိုင်း သင်ယူခြင်း (SEL) ဆိုင်ရာ အကြောင်းအရာများအား ပိုမိုလေ့လာနိုင်ရန်နှင့် မိမိအိမ်တွင် နေထိုင်ပြီး ထောက်ပံ့ရေးနည်းစနစ်များကို ရယူနိုင်သည့် အခမဲ့အရင်းအမြစ်တစ်ခု ဖြစ်ပါသည် - https://casel.org/in-the-home/

# သင့် အနီးအနားက ကမ္ဘာကြီးကို စူးစမ်းလေ့လာခြင်း



ဆော့ကစားခြင်းသည် ကလေးများ၏အလုပ် ဖြစ်ပါသည်။ ၎င်းက ပျော်ရွှင်မှု ကို ဆောင်ကြဉ်းပေးကာ စွမ်းအင်တို့ကို ဖြစ်စေပြီး ကလေးများအား သူတို့ကိုယ်သူတို့ ထုတ်ဖော်ပြသနိုင်စေသည့် နည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။ ဆော့ကစားခြင်းသည် ဖန်တီးနိုင်မှုစွမ်းရည်၊ စိတ်ကူးစိတ်သန်း၊ ကိုယ့်ကိုကိုယ်ယုံ ကြည်မှုနှင့် ပြဿနာဖြေရှင်းနည်း စသည်တို့ကို မြင့်မားလာစေပါသည်။ ဘာသာစကားပြောဆိုခြင်း၊ အက္ခရာများနှင့် အသံများ (အသံထွက်ပိုင်းတတ်သိ နားလည်မှုနှင့် အက္ခရာများကို ကိုယ်စားပြုသည့် အသံထွက်များကို ဖတ်တတ်ခြင်း) ဖြင့် ဆော့ကစားခြင်း စသည့်ကစားနည်းများသည် ၎င်းတို့၏ စာတတ်မြောက်ရေးအတွက် အရေးပါသော အသေးစိတ်ကျွမ်းကျင်မှုများကို အထောက်အပံ့ဖြစ်စေပါသည်။

၎င်းတို့၏ စိတ်ကူးစိတ်သန်းများကို လွတ်လပ်စွာ လွင့်ပျံခိုင်းပါ။

Rhyme/Song of the month: Humpty Dumpty
Humpty Dumpty sat on a wall,
Humpty Dumpty had a great fall.
All the king's horses and all the king's men
Couldn't put Humpty together again.

လေ့ကျင့်ခန်းများ -
"-all" နှင့်အဆုံးသတ်သည့် စကားလုံးနှစ်ခုကို တွေ့ပါသလား။
Sat ကဲ့သို့သော /a/ အသံတိုရှိသည့် အခြားစကားလုံး တစ်လုံးကို ဖော်ပြပါ။
Humpty Dumpty လေးဟာ အုတ်တံတိုင်းပေါ်မထိုင်ဘဲ ဘယ်မှာ ထိုင်လို့ရပါသလဲ။
အုတ်တံတိုင်းမဟုတ်ဘဲ တစ်ခြားတစ်ခုပေါ်တွင်ထိုင်သည့် စာသားအသစ်တစ်ခုကို ကလေးနှင့်အတူ ရေးပါ။

## ဇန်နဝါရီ

သင့်အနီးအနားက ကမ္ဘာကြီးကို စူးစမ်းလေ့လာခြင်းကို အခြေခံထားသော ပညာရေး ဆိုင်ရာ ဖော်ပြချက်များကို ကြည့်ရှုနိုင်ရန်အတွက် PBS မိဘများ အစီအစဉ်ကို သင့်ကလေးနှင့်အတူ ရှာဖွေလေ့လာလိုက်ပါ - Dinosaur Train, http://www.pbs.org/parents/dinosaurtrain/ နှင့် Odd Squad ၊ http://www.pbs.org/parents/oddsquad/home/။

| | တနင်္ဂနွေ (နားလည်နိုင်စွမ်း) | တနင်္လာ (အသံထွက်ပိုင်းတတ်သိနားလည်မှု) | အင်္ဂါ (အက္ခရာများကို ကိုယ်စားပြုသည့် အသံထွက်များကို ဖတ်တတ်ခြင်း) | ဗုဒ္ဓဟူး (ကျွမ်းကျင်မှု) | ကြာသပတေး (ဝေါဟာရ/ စကားလုံးလေ့လာခြင်း) | သောကြာ (အစောပိုင်းကာလ အတွက်အချက်) | စနေ (စာရေးသားခြင်း) |
|---|---|---|---|---|---|---|---|
| အပတ်စဉ် 1 | သင့်ကလေးက ပုံပြင်တစ်ပုဒ်ကို အစဉ်အလိုက် သို့မဟုတ် အဖြစ်အပျက် အစီအစဉ်၊ ဘယ်အရာက ပထမဆုံး ဖြစ်ပွားပြီး အဲဒီနောက် ဖြစ်ပွားသည့်အရာနှင့် နောက်ဆုံး ဘယ်လိုဖြစ်သွားသည် စသည်တို့ကို ပြောပြသည့်အခါ ၎င်းတို့အား ပြန်လည်ရှင်းလင်းပြပါ။ | "ရယ်စရာ အမည်ပေး ဂိမ်း။" သင့်ကလေးအား မိသားစုဝင်တစ်ဦးစီ၏ အစ အက္ခရာကို အခြားအက္ခရာ တစ်ခုဖြင့် အစားထိုးပြီး အမည်ပေးခိုင်းပါ။ ဥပမာ - Bob ကို "Tob" ဟူ၍လည်းကောင်း။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ K ဖြစ်ပါသည်။ "K" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ Kangaroo ကဲ့သို့သော /k/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | စကားလုံးအတိုတစ်ခုကို ရွတ်ဆိုခိုင်းပါ (ဥပမာ - ant ၊ apple)။ သင့်ကလေးအနေဖြင့် 3 မိနစ်အတွင်း စကားလုံးအတို ဘယ်လောက်များများ ပြောနိုင်သည်ကို ကြည့်ပါ။ အခြား သရများကိုလည်း အလားတူပင် ပြုလုပ်ပေးပါ။ | သင့်ကလေးအား စကားလုံးအသစ်များနှင့် မိတ်ဆက်ပေးပါ - ပြေးသည် ခုန်သည် သဲ ကျောက်တုံး | သတ်မှတ်ရက်အတွက် ကိန်းဂဏန်းများမှာ 5 နှင့် 15 ဖြစ်ပါသည်။ သင့်ကလေးအား အဆိုပါ ကိန်းဂဏန်းများ ရေဆွဲခြင်းကို လေ့ကျင့်ပေးပါ။ ယနေ့အတွက် အဆိုပါကိန်းဂဏန်းများကို နေရာဘယ်လောက်များများတွင် ရှာတွေ့နိုင်သည်ကို မှတ်သားပါ။ | ခါတ်မီးတစ်လက်ဖြင့် မှောင်မိုက်နေသည့် အခန်းတစ်ခုသို့ သင့်ကလေးနှင့်အတူ သွားရောက်စူးစမ်းမှု ပြုလုပ်ပါ။ သင့်ကလေးအနေဖြင့် ဘာတွေကိုမြင်ပြီး ဘယ်လိုခံစားရသည်ကို မေးပါ။ |
| အပတ်စဉ် 2 | မနက်ပိုင်း လုပ်ရိုးလုပ်စဉ်ကဲ့သို့သော နေ့စဉ်လုပ်ရှားတတ်သည့် ဥပမာများကို ပြောပြကာ အစီအစဉ်တကျ ဖြစ်ခြင်းအား နားလည်သဘောပေါက်အောင် ပြုလုပ်ပေးပါ - ပထမဆုံးအနေဖြင့် ကျွန်ုပ်အိပ်ရာထပါသည်။ နောက်ပြီး အဝတ်လဲပါသည်။ ထို့နောက် နံနက်စာ စားပါသည်။ | "I Spy" ကစားပါ။ "/m/ သံဖြင့် စ/ ဆုံးသည့် တစ်စုံတစ်ခုကို ကျွန်ုပ်၏မျက်လုံးသေးသေးလေးဖြင့် ရှာဖွေပါသည်။" ကလေးက "milk" ဟု ပြန်ဖြေပါသည်။ ထပ်ပြောပါ။ | အဖြူရောင်စာရွက်ပေါ်တွင် အဖြူရောင်ထွက်သည့် ရောင်စုံဖယောင်းခဲတံဖြင့် /th/ သံရှိသည့် စကားလုံးများကို ရေးသားခိုင်းပါ။ အဆိုပါစကားလုံးများ ပေါ်လာစေရန်နှင့်ဖတ်ရန်အတွက် ပန်းချီဆေးကို အသုံးပြု ခိုင်းပါ။ | သင့်ကလေး၏ အနှစ်သက်ဆုံး စာအုပ်ကို အကြိမ် 100 မြောက်ရှိအောင် ဖတ်ပါ။ | သင်တို့ ဆော့ကစား ပြီး ပျော်ရွှင်ခဲ့သည့် အချိန်တစ်ခုနှင့်ပတ်သက်ပြီး သင့်ကလေးအား ပြောပြခိုင်းပါ။ | ဘလောက်တုံးများဖြင့် ဆော့ကစားပါ။ ဘယ် ဘလောက်တုံးများ စုပုံနေပါသလဲ။ ဘယ်အတန်းလဲ။ ဘယ် အပြားလဲ။ ဘလောက်တုံးများကို ပုံသဏ္ဍာန်အမျိုးအစားအလိုက် တစ်စုစီထားကာ ရေတွက်ခိုင်းပါ။ | သင့်ကလေးအား သူတို့နှစ်သက်သည့် ကစားစရာတစ်ခု၏ ရုပ်ပုံကို ဆွဲခိုင်းပါ။ အဆိုပါရုပ်ပုံကို အကောင်းဆုံးဖြစ်စေသည့်အရာက ဘာလဲဆိုတာ မေးပြီး ရေးခိုင်းပါ။ |
| အပတ်စဉ် 3 | အစဉ်လိုက်ဆိုသည်မှာ ပုံပြင် တစ်ပုဒ်၏ အဖြစ်အပျက်များ၏ အစီအစဉ်အလိုက်ကို ပြောခြင်း ဖြစ်ပါသည်။ first၊ next၊ then နှင့် last ကဲ့သို့ အစဉ်လိုက်ပြသော စကားလုံးများ။ သင့်ကလေးအား ပုံပြင်ထဲက အဖြစ်အပျက်များကို ပြောသည့်အခါ အထက်ပါ စကားလုံးများကို သုံးပြီး ပြောပါ။ | "အသံများကို ရွတ်ဆိုသည့် အခါ ခုန်ခိုင်းပါ။" စကားလုံး တစ်ခုကို ရွတ်ဆိုပြီး သင့်ကလေးအား အသံတစ်သံလျှင် တစ်ကြိမ် ခုန်ခိုင်းပါ (ဥပမာ - bat /b/ /a/ /t/ ဟု 3 ကြိမ် ခုန်ခိုင်းပါ)။ | သတ်မှတ်ရက်အတွက် အက္ခရာမှာ L ဖြစ်ပါသည်။ "L" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ /l/ သံဖြင့် အစပြုသည့် စကားလုံးများကို ဦးထုပ်တစ်လုံးထဲတွင် ထည့်ထားပြီး အမူအရာဖြင့် ပြောပြရသည့် ကစားနည်းကို ကစားပါ။ | သတ်မှတ်လ၏သီချင်းကို ရွတ်ဆိုနေစဉ် စနီးအိန်ဂျယ် (နှင်းပြင်ပေါ်တွင် အိပ်ကာ ခြေ/လက် ဖြန့်ကစားခြင်း) ဘယ်လောက်များများ လုပ်နိုင်သည်ကို ကြည့်ပါ။ နှင်းမရှိဘူးလား။ ကော်ဇောကို အသုံးပြုပါ။ | အပတ်စဉ် တစ်က စကားလုံးများဖြင့် ဂိမ်းတစ်ခုကစားပါ။ သင့်ကလေးများအား တူညီချက်များနှင့် ကွဲပြားခြားနားချက်များကို စာရင်းပြုစုစေခြင်း သို့မဟုတ် ကာရန်အညီဆုံး စကားလုံးများကို ဘယ်သူက ရှာဖွေနိုင်သည်ကို ကြည့်ရှုပါ။ | သတ်မှတ်နေ့ရက်အတွက် ပုံသဏ္ဍာန်မှာ စက်ဝိုင်းပုံ ဖြစ်ပါသည်။ သင့်ကလေးအား စက်ဝိုင်းတစ်ပုံကို ဆွဲခိုင်းပါ။ ယနေ့အတွက် စက်ဝိုင်းပုံများကို နေရာဘယ်လောက်များများတွင် တွေ့နိုင်သည်ကို လေ့လာပါ။ | သင့်ကလေးနှင့်အတူ မိသားစုဝင်များ၏အမည်များ ကို ရေးပါ။ ဗျည်းများအတွက် အရောင်တစ်မျိုးကို အသုံးပြုပြီး သရများအတွက် အခြားအရောင်တစ်မျိုးကို သုံးပါ။ |
| အပတ်စဉ် 4 | သင့်ကလေးအား ပုံပြင်တစ်ပုဒ်ဖတ်ပြပြီး အစဉ်အလိုက် မေးခွန်းများ မေးပါ။ ပထမဆုံး ဘာဖြစ်သလဲ။ သား ဘယ်လို သိသလဲ။ နောက်ဆုံး ဘာဖြစ်သလဲ။ | "I Spy" ကစားပါ။ ပြောဆိုပါ၊ "ကျွန်ုပ်က /d/, /o/, /g/ စတဲ့အသံများကို ရှာဖွေနေပါသည်။" ကလေးက "dog" ဟု ပြောသည်။ ထို့နောက် ကလေးများနှင့် အပြန်အလှန် ပြောပါ။ | သင့်ကလေးအား သင့်အိမ်ပတ်ဝန်းကျင်ရှိ /o/ သံတို ထွက်သည့် အရာဝတ္ထုပစ္စည်းများကို ရှာဖွေခိုင်းပါ (ဥပမာ - octopus)။ | သင်နှင့်အတူ အသံကျယ်အောင် ရွတ်ဆိုခိုင်းပါ။ သင်စကားပြောသည့် အရှိန်အတိုင်း ပြောခိုင်းပါ။ | သတ်မှတ်လအတွက် သီချင်း (Humpty Dumpty) မှ စကားလုံးတစ်လုံးကို ရွေးချယ်ခိုင်းပါ။ သင့်ကလေးအား အဓိပ္ပါယ်ကို ပြောပြခိုင်းပါ။ | ဘလောက်တုံးများ သို့မဟုတ် ရောင်စုံအတုံးများဖြင့် ကစားပါ။ အရောင်နှစ်မျိုး ရှိသည့် ဘလောက်တုံးများဖြင့် တစ်ဆယ်ဖြစ်အောင် ပြုလုပ်နိုင်သည့် နည်းလမ်း ဘယ်လောက်များများ ရှိသနည်း။ ဥပမာ - အနီရောင် 2 ခုနှင့် အပြာရောင် 8 ခု။ | သင့်ကလေးအား စက္ကူတစ်မျိုး သို့မဟုတ် ခြေအိတ်ကို အသုံးပြုကာ အရုပ်တစ်ခု ပြုလုပ်စေပြီး ထိုအရုပ်အကြောင်း ပြောခိုင်းပါ။ |
| အပတ်စဉ် 5 | အရိပ်အမြွတ် စကားလုံးများကို နားထောင်တတ်အောင် သင်ကြားပေးပါ။ ပထမဦးစွာ ကောင်းကင်က မဲမှောင်လာပါသည်။ ထို့နောက် ကောင်းကင်တွင် လျှပ်စီးလင်းလက်လာပါသည်။ နောက်ပိုင်းမှာ မိုးစက်မိုးပေါက်များ စတင်ကျလာပါတော့သည်။ ထိုသို့ဖြင့် ကလေးများက ပုံပြင်ကို ပြန်လည်ပြောပြနိုင်မည် ဖြစ်ပါသည်။ | သင့်ကလေးအား အိမ်ပတ်ဝန်းကျင်ရှိ ပစ္စည်းများဖြင့် ကလေးတေးကဗျာကို သရုပ်ဖော်ခိုင်းပါ သို့မဟုတ် သင့်ကလေးကိုယ်တိုင် ဖန်တီးထားသော အရာများဖြင့် သရုပ်ဖော်ခိုင်းပါ။ | သင့်ကလေးအား စကားလုံးတစ်လုံးပေးပြီး စကားလုံးအသစ်တစ်ခု ရရှိလာစေရန် အလယ်သရကို ပြောင်းပါ။ သင့်ကလေးက စကားလုံးကို ခန့်မှန်းမိပါသလား (ဥပမာ - "ထိုစကားလုံးမှာ sat ဖြစ်ပါက /a/ ကို /i/ အဖြစ် ပြောင်းလိုက်ပါက စကားလုံးအသစ်က ဘယ်လို ဖြစ်လာမလဲ။" ကလေးက "sit" လို့ ပြောပါမည်။) | ပြဇာတ်အတိုတစ်ခု ရေးသားပြီး သင့်ကလေးအား စာကြောင်းများကို မှတ်မိစေပြီး သရုပ်ဆောင်ခိုင်းပါ။ | သင့်ကလေးများအား အပြင်သို့ခေါ်ထုတ်ပြီး သင်တို့ တွေ့မြင်ရသော၊ အနံ့ရသော သို့မဟုတ် တွေ့ကြုံရသော တစ်စုံတစ်ခုနှင့်ပတ်သက်သည့် စကားလုံး အသစ်တစ်လုံးကို သူတို့နှင့်မိတ်ဆက်ပေးပါ။ | သင့်ကလေးအား သူ့ကစားစရာ အရုပ်များထဲမှ မည်သည့်အရုပ်က အလေးဆုံးလဲဆိုသည်ကို မေးပါ။ သား ဘယ်လို သိသလဲ။ ဘယ်အရုပ်က အရုပ်အရှည်ဆုံးလဲ။ ဘယ်လောက်ရှည်သလဲ။ အရုပ်များကို အရုပ်အတိုင်း တန်းစီပါ။ | ဆောင်းရာသီဝတ်စုံ ဝတ်စေပြီး လမ်းလျှောက် ထွက်ပါ။ သင့်ကလေးအား "အပြင်မှာ ဘာတွေမြင်ရလဲ" ဟုမေးပါ။ ထိုအကြောင်းကို ရေးသားပါ။ |

ဒေသတွင်း အရင်းအမြစ် - Ingham ကောင်တီတွင် ပေးရန်များစွာရှိပါသည် ဘယ်သူမှ ပြက္ခဒိန်များအားလုံးကို ကိုင်မထားနိုင်ပါ။ သင်မိသားစုအနေဖြင့် Ingham ကောင်တီအတွင်း မတူညီသည့် လှုပ်ရှားမှုများနှင့် တည်နေရာများကို ရှာဖွေရန် www.lansingfamilyfun.com မှ "လန်စင်းတွင် ရယ်ရွှင်ဖွယ်ရာများ ပြုလုပ်ပါ" ကို အသုံးပြုပါ။

# သီချင်းဆိုခြင်းနှင့် ကခုန်ခြင်း၊ ပျော်စရာကောင်းလိုက်တာ



ဂီတသည် လူတိုင်းအတွက် ဖြစ်ပါသည်။ သင်ဘယ်လိုပုံစံဖြင့် သီးချင်းဆိုပါစေ သင့်ကလေးက သင့်အသံကို နားထောင်ရန် နှစ်သက်ပါသည်။ သီချင်းများနှင့် ကဗျာများမှတစ်ဆင့် စာအရေးအဖတ်ကို သင်ယူခိုင်းပါ။ ထိုသို့ပြုလုပ်ခြင်းသည် ကလေးငယ်များအား ဘာသာစကားကို နှုတ်က ပြောဆိုနေစဉ် သီချင်းများ၊ ပုံစံများနှင့် ရင်းနှီးသော စကားလုံးများ တစ်ခုချင်စီကို မှတ်မိအောင် ကူညီပေးပါ။ အသံကို ဖွင့်လိုက်ပါ။

Rhyme/Song of the month: Little Boy Blue

Little Boy Blue, come blow your horn.
The sheep's in the meadow,
The cow's in the corn.
But where is the boy who looks after the sheep?
He's under a haystack, fast asleep.
Will you wake him? No, not I!
For if I do, he's sure to cry.

လေ့ကျင့်ခန်းများ

"bl-" နှင့်စသည့် ကာရန်ရှိသော စကားလုံး ဘယ်လောက်ရှိသနည်း။
bl- ပါသည့် အခြားစကားလုံးများ ဘယ်လောက်ရှိသနည်း။
"-eep" နှင့် ဆုံးသော စကားလုံးများကို ဖော်ပြပါ။ သင်ဘယ်လောက်တွေးနိုင်သလဲ။
သိုးတွေကို စောင့်ရှောက်တဲ့ကောင်လေးက ဘယ်မှာလဲ။
ကဗျာကို နောက်တစ်ခေါက်ဖတ်ပြီး သင် နှစ်သက်သည့်အရောင်ကို အစားထိုးပါ။

# ဖေဖော်ဝါရီ

သီဆိုခြင်းနှင့် ကခုန်ခြင်းကို အခြေခံထားသော ပညာရေးဆိုင်ရာ ဖော်ပြချက်များကို ကြည့်ရှုနိုင်ရန်အတွက် PBS မိဘများ အစီအစဉ်ကို သင့်ကလေးနှင့်အတူ ရှာဖွေ လေ့လာလိုက်ပါ - The Electric Company, http://www.pbs.org/parents/electriccompany/home/။

| | တနင်္ဂနွေ (နားလည်နိုင်စွမ်း) | တနင်္လာ (အသံထွက်ပိုင်းတတ်သိနားလည်မှု) | အင်္ဂါ (အက္ခရာများကို ကိုယ်စားပြုသည့် အသံထွက်များကို ဖတ်တတ်ခြင်း) | ဗုဒ္ဓဟူး (ကျွမ်းကျင်မှု) | ကြာသပတေး (ဝေါဟာရ/ စကားလုံးလေ့လာခြင်း) | သောကြာ (အစောပိုင်းကာလအတွက်အချက်) | စနေ (စာရေးသားခြင်း) |
|---|---|---|---|---|---|---|---|
| အပတ်စဉ် 1 | သင့်ကလေးနှင့်အတူ ပုံပြင်တစ်ပုံကို အသေးစိတ်ဖတ်ပြီး ၎င်းက အမှန်တကယ်ဖြစ်နိုင်သလား မဖြစ်နိုင်ဘူးလားဆိုတာကို ပြောပြပါ။ "ကျွန်ုပ် ကျောင်းကိုကျောင်းကားစီးပြီး လာနိုင်ပေမယ့် အစိမ်းရောင်နဂါး စီးပြီးတော့ မလာနိုင်ပါဘူး။" | သန့်ရှင်းရေးလုပ်ကြမယ် ဆိုသည့်သီချင်းကို သီဆိုပါ သို့မဟုတ် ဖွင့်ထားပြီး သင့်ကလေးအား ပါဝင်ခိုင်းပါ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာM ဖြစ်ပါသည်။ "M" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ mouse စကားလုံးကဲ့သို့သော /m/ သံဖြင့်စသည့် စကားလုံးများကို ရေးပါ။ | သတ်မှတ်လအတွက် ကဗျာ (Little Boy Blue) ကို ဖတ်ပါ။ ကာလအပိုင်းအခြားတစ်ခုကို မြင်သည့်အခါ အသံကို တိုးပါ။ မေးခွန်းအမှတ်အသားတစ်ခုကို မြင်သည့်အခါ အသံကို မြှင့်ပါ။ | သင့်ကလေးအား စကားလုံးအသစ်များနှင့် မိတ်ဆက်ပေးပါ - သီချင်း ကိရိယာ သီချင်းဆိုခြင်း ကခြင်း | သတ်မှတ်ရက်အတွက် ကိန်းဂဏန်းများမှာ 6 မှ 14 အထိ ဖြစ်ပါသည်။ သင့်ကလေးအား အဆိုပါကိန်းဂဏန်းများ ရေဆွဲခြင်းကို လေ့ကျင့်ပေးပါ။ ယနေ့အတွက် အဆိုပါကိန်းဂဏန်းများကို နေရာဘယ်လောက်များများတွင် ရှာတွေ့နိုင်သည်ကို မှတ်သားပါ။ | သင် ယနေ့ပြုလုပ်မည့် စာရင်းတစ်ခုကို သင့်ကလေးနှင့်အတူ ပြုစုပါ။ အလုပ်တစ်ခုပြီးတိုင်း ကြက်ခြေခတ်ဖြင့် အမှတ်အသားပြုလုပ်ပေးပါ။ |
| အပတ်စဉ် 2 | ယုတ္တိရှိသော ပုံပြင်များအနေဖြင့် အမှန်တကယ်ဖြစ်လာနိုင်ပြီး စိတ်ကူးယဉ် ပုံပြင်များကမူ လက်တွေ့ဘဝတွင် အမှန်တကယ်ဖြစ်မလာနိုင်ပါ။ ပုံပြင်က ယုတ္တိရှိသလား သို့မဟုတ် စိတ်ကူးယဉ်ဖန်တီးထားသလားဆိုသည်ကို ဆုံးဖြတ်ရန် သင့်အကလေးနှင့်အတူ အသေးစိတ်ဖတ်ကြည့်ပါ။ | သီချင်းတစ်ပုဒ်ဖွင့်ထားစဉ် သင့်ကလေးအား အသံကို နားထောင်ကြည့်ခိုင်းပါ။ ဥပမာ - ဗုံ၊ ဆွဲလှည်းများ၊ လေမှုတ်တူရိယာ။ | "She sells sea shells down by the sea shore" ကို ရွတ်ဆိုခိုင်းပါ။ သင့်ကလေးအား /sh/ သံဖြင့် အစပြုသည့် စကားလုံးတစ်ခုကို တစ်ကြိမ်ကြားသည့်အခါတိုင်း လက်ခုပ်တီးခိုင်းပါ သို့မဟုတ် ခုန် ခိုင်းပါ။ | /i/ အသံတိုထွက်သည့် စကားလုံးများကို ရွတ်ဆိုပါ (ဥပမာ - igloo, iguana)။ သင့်ကလေးအနေဖြင့် 3 မိနစ်အတွင်း /i/ ပါသည့် စကားလုံးအတိုဘယ်လောက်များများ ပြောနိုင်သည်ကို ကြည့်ပါ။ အခြားသရများကိုလည်း အလားတူပင် ပြုလုပ်ပေးပါ။ | သင်တို့ ဂီတကို ပျော်ရွှင်စွာ ခံစားနေခဲ့သည့် အချိန်တစ်ခုအကြောင်း သင့်ကလေးအား ပြောပြခိုင်းပါ။ | သင့်ကလေးနှင့်အတူ ကိန်းဂဏန်းများပါဝင်သည့် သီချင်း (5 little monkeys) များကို သီဆိုပါ။ သီချင်းဆိုရင်း ကိန်းဂဏန်းများ ဘယ်လိုပြောင်းလဲသွားသည်ကို မေးပါ။ ကိန်းဂဏန်းများကိုဖော်ပြရန် သင့်လက်ချောင်းများကို အသုံးပြုပါ။ | သင့်ကလေးအား ကတ်တစ်ခုပြုလုပ်ခိုင်းပြီး ၎င်းအား အရေးပါသည့် ပုဂ္ဂိုလ်တစ်ဦးထံ ပေးခိုင်းပါ။ |
| အပတ်စဉ် 3 | သင့်ကလေးနှင့်အတူ ပုံပြင်တစ်ပုံကို အသေးစိတ်ဖတ်ပြီး ၎င်းက စိတ်ကူးယဉ်ထားခြင်းလား သို့မဟုတ် ဖန်တီးထားခြင်းလားဆိုသည်ကို ဆုံးဖြတ်ရန်အတွက် မေးခွန်းများမေးပါ။ တကယ်လက်တွေ့ဘဝမှာ ဖြစ်နိုင်သလား။ သင် ဘယ်လိုသိသလဲ။ | တေးဂီတ ကိရိယာများအဖြစ် အလွယ်တကူ ရနိုင်သော အရာဝတ္ထုများကို အသုံးပြုပါ (ဥပမာ - စက္ကူလိပ်၊ ဒယ်အိုးနှင့် ဇွန်း)။ သင့်ကလေးအား သူတို့ပြုလုပ်သည့်အသံများကို အပြောင်းအလဲပြုလုပ်အောင် ပြောဆိုပါ (grrr, whoosh, whaa, mmm)။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ N ဖြစ်ပါသည်။ "N" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ nest ကဲ့သို့သော /n/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | သင့်ကလေး စာဖတ်နေသည့် အခါ စကားလုံးတစ်လုံးချင်းစီကို ဖတ်ခြင်းအစား စကားလုံးကို အုပ်စုလိုက်ဖတ်တတ်အောင် လေ့ကျင့်ပေးပါ။ ဝါကျအဆုံးကို ရောက်သည့်အခါ နောက်ဝါကျတစ်ကြောင်းကို မဖတ်မီ ရပ်ခိုင်းပါ။ | အပတ်စဉ် တစ်က စကားလုံးများဖြင့် ဂိမ်းတစ်ခုကစားပါ။ သင့်ကလေးများအား တူညီချက်များနှင့် ကွဲပြားခြားနားချက်များကို စာရင်းပြုစုစေခြင်း သို့မဟုတ် ကာရန် အညီဆုံး စကားလုံးများကို ဘယ်သူက ရှာဖွေနိုင်သည်ကို ကြည့်ရှုပါ။ | သတ်မှတ်နေ့အတွက် ပုံသဏ္ဍာန်မှာ တြိဂံပုံ ဖြစ်ပါသည်။ သင့်ကလေးအား တြိဂံပုံတစ်ပုံကို ဆွဲခိုင်းပါ။ ယနေ့အတွက် တြိဂံပုံများကို နေရာဘယ်လောက်များများတွင် တွေ့နိုင်သည်ကို လေ့လာပါ။ | သင့်ကလေးအား အခြားတစ်ယောက်ကို တြိဂံပုံ မည်သို့ပြုလုပ်ကြောင်း သင်ပြခိုင်းပါ။ ပထမဆုံး ဘာကိုအရင်လုပ်သလဲ။ အဲဒီနောက် ဘာဆက်လုပ်သလဲ။ နောက်ဆုံး ဘာလုပ်သလဲ။ |
| အပတ်စဉ် 4 | ပုံပြင်တစ်ပုဒ်ကို ဖတ်သည့်အခါ ပုံပြင်ဖတ်ရင်းကြုံသိလာသည့် အချက်အလက်များကို အခြေခံပြီး ဘယ်လို ဇာတ်သိမ်းနိုင်သည်ကို မေးပါ သို့မဟုတ် ဇာတ်ကောင်များနှင့် အဖြစ်အပျက်များ၏ အကြောင်းအရာများကို အဖြေရှာခိုင်းပါ။ | သီချင်းတစ်ပုဒ်ကိုသီဆိုပြီး သင့်ကလေးအား အဓိက အက္ခရာသံ သို့မဟုတ် စကားလုံးအား နားထောင်ခိုင်းပါ။ ၎င်းကို သူတို့ကြားသည်ဆိုပါက လက်ခုပ်တီးခိုင်းပါ။ | သင့်ကလေးနှင့်အတူ umbrella ကဲ့သို့ /u/ အသံတိုထွက်သော စကားလုံးများကို တွေးကြည့်ခိုင်းပါ။ စကားလုံးများကို အတူရေးပြီး ၎င်းကို ဖတ်ပါ။ | ဝါကျတစ်ကြောင်းတွင် ကော်မာ တစ်ခုတွေ့ပါက ခေတ္တရပ်နားပြီးမှ ဖတ်ရန် သင်ပြပေးပါ။ သင့်ကလေးအား ၎င်းကို ထပ်ခါထပ်ခါ ဖတ်ခိုင်းပါ။ | သတ်မှတ်ထားသောလ၏ ကဗျာမှ စကားလုံးတစ်လုံးကို ရွေးချယ်ပါ။ သင့်ကလေးအား အဓိပ္ပါယ်ကို ပြောပြခိုင်းပါ။ | သင့်ကလေးအား 1 စက္ကန့်အတွင်း ရေ့တိုး နောက်ဆုတ် ရေတွက်နိုင်သလားဟု မေးပါ။ 10 စက္ကန့်ဆိုရင် ရော။ 5 စက္ကန့်ဆိုရင်ရော။သင်တို့ ရေတွက်သည့်အတိုင်း သီချင်းတစ်ပုဒ် ပြုလုပ်ပါ။ | သင့်ကလေးများအား ၎င်းတို့နှစ်သက်သည့် သီချင်းမှ စကားလုံးများကို ရေးခိုင်းပါ။ ကာရန်ညီသော စကားလုံးများအားလုံးကို လိုင်းတားခိုင်းပါ။ |
| အပတ်စဉ် 5 | မှတ်ချက်ချခြင်းကို လေ့ကျင့်ပေးပါ။ သင့်ကလေးအား သူငယ်ချင်းတစ်ယောက်က ကမ်းခြေသို့ တစ်နေကုန် သွားပြီးတဲ့နောက် နီမြန်းတဲ့မျက်နှာနဲ့ ပြန်ရောက်လာသည့်ပုံစံကို စိတ်ကူးပုံဖော်ကြည့်ခိုင်းပါ။ ဘာဖြစ်သွားတာလဲ။ | သင့်ကလေးအား သူနှင့်ရင်းနှီးသည့် သီချင်းတစ်ပုဒ်ကို လက်များ၊ ကိုယ်နေဟန်ထားများဖြင့် သီဆိုတတ်အောင် ပြုလုပ်ပေးပါ။ | VALENTINE ဆိုသည့် အက္ခရာများထဲမှ စကားလုံး မည်မျှရရှိနိုင်သည်ကို သင့်ကလေးနှင့်အတူ ဖော်ထုတ်ကြည့်ပါ။ | သင့်ကလေးများအား ၎င်းတို့ နှစ်သက်သည့် သီချင်းများ ထဲမှ စကားလုံးများကို ရွတ်ဆိုခိုင်းပါ။ သီချင်းစာအုပ်တစ်အုပ် ပြုလုပ်ပါ။ | သင့်ကလေးများအား အပြင်သို့ခေါ်ထုတ်ပြီး သင်တို့ တွေ့မြင်ရသော၊ အနံ့ရသော သို့မဟုတ် တွေ့ကြုံရသော တစ်စုံတစ်ခုနှင့်ပတ်သက်သည့် စကားလုံး အသစ်တစ်လုံးကို သူတို့နှင့် မိတ်ဆက်ပေးပါ။ | ရေ့တိုးနောက်ဆုတ် ရေတွက်သည့် သီချင်း တစ်ပုဒ်ကို နားထောင်ပါ။ သင့်ကလေးများက အဆိုပါသီချင်းကို ပြောင်းပြန် ဆိုနိုင်ပါသလား။ | သင့်ကလေးများအား နှစ်တစ်နှစ်၏ လများ စာရင်းကို ပြုလုပ်ခိုင်းပါ။ -er နှင့်ဆုံးသည့် စကားလုံးများအားလုံးကို ဝိုင်းပါ။ |

ဒေသတွင်း အရင်းအမြစ် - အရှေ့ဘက် လန်စင်းမြို့အနေဖြင့် ကလေးများ၏ အခမဲ့ဖျော်ဖြေရေး စီးရီး၏တစ်စိတ်တစ်ပိုင်းအဖြစ် မိသားစုများအတွက် ဂီတလှုပ်ရှားမှုဆိုင်ရာ တိုက်ရိုက် တင်ဆက်မှုများအား စပွန်ဆာပေးပါသည်။ ကလေးများ၏ အခမဲ့ဖျော်ဖြေရေး စီးရီး လက်ရှိအချိန်ဇယားကိုwww.cityofeastlansing.com/137/Childrens-Concert-Series တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# အသံကျယ်ကျယ်ဖြင့် စာဖတ်ခြင်း



စာအရေးအဖတ်သင်ယူခြင်းဟာ မွေးကတည်းက စလာတာပါ။ စာကို အသံကျယ်ကျယ်ဖတ်ခြင်းသည် စာဖတ်ခြင်းတွင်အောင်မြင်မှုရရှိရေးတွင် လိုအပ်သည့် နားလည်သဘောပေါက်ခြင်းနှင့်ကျွမ်းကျင်မှု ရရှိနိုင်ရေးအတွက် အရေးကြီးဆုံးအပြုအမူများထဲက တစ်ခုဖြစ်ပါသည်။ ယခုအသက်အရွယ်ကလေးများအနေဖြင့် ပိုမိုရှည်လျားသော ပုံပြင်များကို နားထောင်တတ်ကြသော်လည်း ၎င်းတို့အား ပျော်ရွှင်စေရန်နှင့် ပြုမူစေရန် မမေ့ပါနှင့်။ စကားလုံးများနှင့်ရုပ်ပုံအမျိုးမျိုးပါသော စာအုပ်များအနေဖြင့် ကလေးများအား ဝေါဟာရ တိုးပွားစေပြီး အကြောင်းအရာအသစ်များကို နားလည်စေပါသည်။

စာအုပ်ကောင်းတစ်အုပ်ကို ထားရှိပါ။

Rhyme/Song of the month: Little Bo Peep
Little Bo Peep has lost her sheep,
And doesn’t know where to find them.
Leave them alone, And they’ll come home,
Wagging their tails behind them.

လေ့ကျင့်ခန်းများ
sheep ကဲ့သို့သော /e/ သံရှည်ထွက်သည့် အခြား စကားလုံးများကို ဖော်ပြပါ။
“th-”နှင့်စသော စကားလုံးမည်မျှရှိသနည်း။ ထိုစကားလုံးများထဲတွင် “th-”က မည်သို့ အသံထွက်စေသနည်း။
Little Bo Peep အခြား ဘာတွေပျောက်ဆုံးနိုင်သနည်း။ အဆိုပါ နေရာတွင် အစားသွင်းပြီး သီချင်းကို ပြန်ရေးလို့ရပါသလား။

# မတ်

အသံကျယ်ကျယ်ဖြင့် စာဖတ်ခြင်းကို အခြေခံထားသော ပညာရေးဆိုင်ရာ ဖော်ပြချက်များအား ကြည့်ရှုနိုင်ရန်အတွက် PBS မိဘများ အစီအစဉ်ကို သင့်ကလေးနှင့်အတူ ရှာဖွေ လေ့လာလိုက်ပါ - The Cat in the Hat, http://www.pbs.org/parents/catinthehat/။

| | တနင်္ဂနွေ (နားလည်နိုင်စွမ်း) | တနင်္လာ (အသံထွက်ပိုင်းတတ်သိနားလည်မှု) | အင်္ဂါ (အက္ခရာများကို ကိုယ်စားပြုသည့် အသံထွက်များကို ဖတ်တတ်ခြင်း) | ဗုဒ္ဓဟူး (ကျွမ်းကျင်မှု) | ကြာသပတေး (ဝေါဟာရ/ စကားလုံးလေ့လာခြင်း) | သောကြာ (အစောပိုင်းကာလ အတွက်အချက်) | စနေ (စာရေးသားခြင်း) |
|---|---|---|---|---|---|---|---|
| အပတ်စဉ် 1 | သင့်ကလေးအား မှတ်ချက်ချတတ်အောင် ကူညီပေးပါ- ကျွန်ုပ်အဖေ ကွတ်ကီးဖုတ်နေပါသည်။ သူ့လက်မှာ ဘာမှမပါဘဲ ဒယ်အိုးကို ဆွဲယူလိုက်တယ်။ အဲဒီနောက် သူ အော်လိုက်တယ်။ ဘာဖြစ်သွားတာလဲ။ | သင့်ကလေးအား စာမဖတ်မီ စကားလုံးတစ်ခုကို ပေးပါ။ ထိုစကားလုံးကို သူတို့ကြားပါက လက်ခုပ်တီးခြင်း၊ သန်းခြင်း သို့မဟုတ် ရယ်ရစရာကောင်းသည့်မျက်နှာပြုလုပ်ခြင်းတို့ကို လုပ်နိုင်ပါသည်။ | သတ်မှတ်နေ့အတွက် အက္ခရာမှာ O ဖြစ်ပါသည်။ “O” ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ ostrich ကဲ့သို့သော /o/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | ကျွမ်းကျင်သည့် စာဖတ်ခြင်း အနေအထားတစ်ခုကို ပြသရန်အတွက် သင့်ကလေးအား ကျယ်ကျယ်ဖတ်ပြပါ။ ကလေးများ နှစ်သက်သဘောကျသည့် ခေါင်းစဉ်များကို ရှာပါ။ whatdowedoallday.com တွင် ဝင်ရောက်လေ့လာပါ။ | သင့်ကလေးအား စကားလုံးအသစ်များနှင့် မိတ်ဆက်ပေးပါ - စာအုပ် ဇာတ်ကောင် ဆက်တင် ပုံပြင် | ဒီလအတွက် စာအုပ်မည်မျှ ဖတ်မည်ဆိုသည့်ရည်မှန်းချက် တစ်ခုအားသင့်ကလေးကို ချမှတ်ခိုင်းပါ။ တစ်ပတ်လျှင် ဘယ်နှစ်အုပ်ဖတ်သည်ဆိုတာကို တာလီမှတ်ပြီး လကုန်ပါက ဖတ်ပြီး သည့်စာအုပ်အရေအတွက်ကို ပေါင်းပါ။ | သင့်ကလေးအား “The Very Hungry Caterpillar”အကြောင်း ဖတ်ပြပါ။ သင့်ကလေးအား ၎င်းတို့စားချင်နေသည့် အစားအစာများကို အစားသွင်းပြီး ပုံပြင်ကို ဇာရင်းအသစ်ဖြင့် ပြန်ရေးခိုင်းပါ။ |
| အပတ်စဉ် 2 | ပုံပြင်တစ်ပုဒ်တွင် ပါဝင်သည့် လူတွေနှင့် တိရစ္ဆာန်တွေကို ဇာတ်ကောင်များဟုခေါ်ကြောင်း သင့်ကလေးအား ရှင်းပြပါ။ စာရေး ဆရာများအနေဖြင့် ၎င်းတို့၏ ပုံပြင်များတွင် အရေးကြီးသော ဇာတ်ကောင်များကို အများအားဖြင့် နာမည်ပေးခြင်းနှင့် ဖော်ပြခြင်းများ ပြုလုပ်လေ့ရှိပါသည်။ | မိသားစု ပုံပြင်ဖတ်ချိန်။ အဖွဲ့ဝင်တစ်ဦးစီကို နှစ်သက်ရာ စာအုပ်၊ ကဗျာ သို့မဟုတ် ကလေးတေးကဗျာ တစ်ခုခုကို ယူနိုင်းပြီး အတူတကွဖတ်ပါ။ | သင်ပြောင်းလဲလိုက်သည့် အစအသံကို လိုက်ပြီး သင့်ကလေးအား စကားလုံးကို ပြောခိုင်းပါ။ ဥပမာ - စကားလုံးက spring ဆိုပါက /s/ ကို ဖြုတ်လိုက်လျှင် မည်သည့်စကားလုံးရမည်နည်း။ ကလေးများက ring ဟု ပြောပါမည်။ | ယနေ့ သင့်ကလေးနှင့်အတူ ပုံပြင်ဖတ်သည့်အခါ မေးခွန်းအမှတ်အသား၊ အာမေဋိတ် အမှတ်အသားနှင့် ကိုးကားသည့်အမှတ်အသားများစသည့် စိတ်ခံစားချက်ကိုဖော်ပြရာတွင် အထောက်အပံ့ပေးသည့် အသံထွက်အမှတ်အသားများကို ထောက်ပြပေးပါ။ | သင့်ကလေးအား စာအုပ် ဝါသနာရှင်တစ်ဦး၏ အကြောင်းကို ပြောပြခိုင်းပါ။ | သတ်မှတ်နေ့ရက်အတွက် ကိန်းဂဏန်းများမှာ 7 မှ 13 အထိ ဖြစ်ပါသည်။ သင့်ကလေးအား အဆိုပါ ကိန်းဂဏန်းများ ရေဆွဲခြင်းကို လေ့ကျင့်ပေးပါ။ ယနေ့အတွက် အဆိုပါကိန်းဂဏန်းများကို နေရာဘယ်လောက်များများတွင် ရှာတွေ့နိုင်သည်ကို မှတ်သားပါ။ | သင့်ကလေးအား နွေဦးရာသီတွင် လုပ်ဆောင်ရန် နှစ်သက်သည့် အကြောင်းအရာတစ်ခုကို ရေးခိုင်းပါ။ |
| အပတ်စဉ် 3 | သင့်ကလေးနှင့်အတူ ပုံပြင်တစ်ပုဒ်ကိုဖတ်သည့်အခါ ဇာတ်ကောင်များ၏ အပြောအဆို၊ အပြုအမူနှင့် ခံစားချက်များကို လေ့လာပြီး ဇာတ်ကောင်တစ်ဦးစီကို သိအောင်လုပ်ပါ။ | သင့်ကလေးအား ပုံပြင်တစ်ပုဒ်ဖတ်ပြပြီးပါက အသံ 3 မျိုးရှိသည့် စကားလုံးများကို ရွေးပါ။ သင့်ကလေးအား /d/ /o/ /g/ အသံများကို ပြောပြပြီး “dog” ဆိုသည့် စကားလုံးကို ရွတ်ဆိုခိုင်းပါ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ P ဖြစ်ပါသည်။ “P” ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ pig ကဲ့သို့သော /p/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | အမှတ်အသားတစ်ခုစီကို ဖတ်သည့်အခါ သင့်အသံ အပြောင်းအလဲကို ပြသရန်အတွက် အသံထွက်အမှတ်အသားများကို အသုံးပြုရန် ရှင်းပြပါ။ | အပတ်စဉ် တစ်က စကားလုံးများဖြင့် ဂိမ်းတစ်ခုကစားပါ။ သင့်ကလေးများအား တူညီချက်များနှင့် ကွဲပြားခြားနားချက်များကို စာရင်းပြုစုစေခြင်း သို့မဟုတ် ကာရန်အညီဆုံး စကားလုံးများကို ဘယ်သူက ရှာဖွေနိုင်သည်ကို ကြည့်ရှုပါ။ | သတ်မှတ်နေ့ရက်အတွက် ပုံသဏ္ဌာန်မှာ စတုရန်းပုံ ဖြစ်ပါသည်။ သင့်ကလေးအား စတုရန်းပုံတစ်ပုံ ဆွဲခိုင်းပါ။ ယနေ့အတွက် စတုရန်းပုံများကိုနေရာဘယ်လောက်များများတွင် တွေ့နိုင်သည်ကို လေ့လာပါ။ | သင့်ကလေးအား အခြားတစ်ယောက်ကို စတုရန်းပုံ မည်သို့ပြုလုပ်ကြောင်း သင်ပြခိုင်းပါ။ ပထမဆုံး ဘာကိုအရင်လုပ်သလဲ။ အဲဒီနောက် ဘာဆက်လုပ်သလဲ။ နောက်ဆုံး ဘာလုပ်သလဲ။ |
| အပတ်စဉ် 4 | သင့်ကလေးနှင့်အတူ ပုံပြင်တစ်ပုဒ်ကို ဖတ်သည့်အခါ ဇာတ်ကောင်များအကြောင်းကို မေးပါ။ ပုံပြင်ထဲကလူက ဘယ်သူလဲ။ ဇာတ်ကောင်များ အကြောင်းကို မှတ်မိလား။ | ပုံပြင်တစ်ပုဒ်ကို ဖတ်ပြီးပါက အသံ 3-4 မျိုးရှိသည့် စကားလုံးများကို ရွေးချယ်ခိုင်းပါ။ သင်က စကားလုံးကို ပြောပြပြီး ကလေးများကို အသံထွက်ခိုင်းပါ။ ဥပမာ - dog ဆိုပါက ကလေးက /d//o//g/ ဟု ပြောမည်။ | သင့်ကလေးအား အိမ်အနီးအနားရှိ /ch/ သံဖြင့်စသည့် အရာဝတ္ထုများကို ရှာဖွေခိုင်းပါ။ | ခေါင်းစဉ်တူသည့် စာအုပ်အမျိုးမျိုးကို ကျယ်ကျယ်ဖတ်ခိုင်းပါ။ သင ဖတ်သည်ကို နားထောင်ခိုင်းပြီးနောက် သင့်ကလေးအား ဖတ်ခိုင်းပါ။ | သတ်မှတ်လအတွက်သီချင်း (ittle Bo Peep) မှ စကားလုံးတစ်လုံးကို ရွေးပါ။ သင့်ကလေးအား အဓိပ္ပါယ်ကို ပြောပြခိုင်းပါ။ | သင်က စာအုပ်တစ်အုပ်ကို ဖတ်ပြီး စာမျက်နှာတစ်ခုတွင် ရုပ်ပုံဘယ်နှစ်ခုရှိသည်ကို မေးပါ။ ၎င်းကို ရေတွက်ခြင်း မလုပ်ဘဲ ကြည့်ပြီး ပြောနိုင်သလား စောင့်ကြည့်ပါ။ | ကလေးများကို သူတို့နှစ်သက်သည့် စာအုပ် ဖတ်ခိုင်းပါ။ “ဘာကြောင့် ဒီစာအုပ်ကို ကြိုက်တာလဲ” ဟု မေးပါ။ ထိုစာအုပ်အကြောင်း တစ်စုံတစ်ယောက်အား ပြောပြခိုင်းပြီး ၎င်းကို ပြန်ရေးခိုင်းပါ။ |
| အပတ်စဉ် 5 | ပုံပြင်ထဲရှိ ဇာတ်ကောင်များ၏ ပုံစံနှင့် အပြုအမူတို့ကို အကဲခတ်ခြင်းဖြင့် ဇာတ်ကောင်များကို ဖော်ထုတ်နိုင်သလား စောင့်ကြည့်ပါ။ | ပုံပြင်တစ်ပုဒ်မှ မတူညီသည့် ဝါကျများကို ရွေးပြီး သင်ဖတ်သည့် ဝါကျတွင် စာလုံးအရေအတွက် မည်မျှပါသည်ကို ရေတွက်ခိုင်းပါ။ | သင့်ကလေး၏နောက်ကျောဘက်ကို သင့်လက်ချောင်းများဖြင့် အက္ခရာများ/စကားလုံးများ ရေးပြီး သင်ဘာရေးသည်ကို ခန့်မှန်းခိုင်းပါ။ သင့်ကလေးကိုလည်း သင့်အား ပြန်ရေးပြခိုင်းပါ။ | အရေးကြီးသည့် စကားလုံးကို ချန်ပြီး ပုံပြင်ကို ပြန်ဖတ်ပါ၊ ထို့နောက် ပျောက်နေသည့် စကားလုံးကို ကလေးက ဖြည့်နိုင်ရန် ပုံပြင်ဖတ်ခြင်းကို ခေတ္တရပ်လိုက်ပါ။ | သင့်ကလေးများအား အပြင်သို့ခေါ်ထုတ်ပြီး သင်တို့ တွေ့မြင်ရသော၊ အနံ့ရသော သို့မဟုတ် တွေ့ကြုံရသော တစ်စုံတစ်ခုနှင့်ပတ်သက်သည့် စကားလုံး အသစ်တစ်လုံးကို သူတို့နှင့် မိတ်ဆက်ပေးပါ။ | စာအုပ်တစ်အုပ်ရှိ ကိန်းဂဏန်းများကို ကလေးအား နှိုင်းယှဉ်မှုပြုလုပ်ခိုင်းပါ။ ဘယ်စာမျက်နှာမှာ ဘာက အများဆုံးလဲ။ အနည်းဆုံးကရော။ | ဒီလအတွင်း သင်တို့ဖတ်ခဲ့သော စာအုပ်အားလုံး၏ စာရင်းကို သင့်ကလေးအား ပြုစုခိုင်းပါ။ သူတို့နှစ်သက်သည့်အရာများ၏ဘေးတွင် ကြယ်အမှတ်အသား ပြခိုင်းပါ။ |

# စမ်းသတ်မှုပြုလုပ်ခြင်း၊ ဖန်တီးခြင်းနှင့် ပြဿနာဖြေရှင်းခြင်း



STEAM သည် သိပ္ပံပညာ၊ နည်းပညာ၊ အနုပညာနှင့် သင်္ချာပညာရပ်များကို အခြေခံထားသည့် ပညာရေး ဖြစ်ပါသည်။

သိပ္ပံပညာသည် - တိရိစ္ဆာန်များ၊ အပင်များနှင့် သဘာဝလောကကြီးမှစ၍ ကျန်းမာရေးနှင့်အာဟာရ၊ အရာဝတ္ထု ပစ္စည်းများနှင့် စက်ပစ္စည်းများအပြင် အခြားအရာများအထိ နေရာတိုင်းမှာ ရှိသည်။ ကလေးများသည် ၎င်းတို့၏ကမ္ဘာကြီးနှင့် သူတို့ချစ်သော အရာများ ပေါက်ဖွားလာစေသည့် သိပ္ပံပညာကို သဘာဝအလျောက်ပင် စူးစမ်းလိုစိတ် ရှိကြပါသည်။ ကလေးငယ်များသည် သိပ္ပံဖြစ်စဉ်၏အရေးကြီးသော အစိတ်အပိုင်းတစ်ခုကို စမ်းသတ်ချက်နှင့် ချို့ယွင်းချက်တို့ကို အသုံးပြုတတ်ကြပါသည်။ အရွယ်ရောက်ပြီးသူများအနေဖြင့် မေးခွန်းများမေးခြင်းနှင့် ကလေးများအား ဖြစ်နိုင်သည့် အရာအတော်များများကို စမ်းသပ်လေ့လာခွင့်ပြုခြင်းဖြင့် ၎င်းတို့၏စူးစမ်းလိုစိတ်ကို ပြန့်ပွားအောင် ပြုလုပ်လေ့ရှိကြပါသည်။

အဲဒါက ဘယ်လိုအလုပ်လုပ်မယ်လို့ ထင်ပါသလဲ။

သစ်ကုလားအုတ်တွေက ဘာကြောင့် လည်ပင်းတွေ ရှည်ကြတာလဲ။

ဒီအလုပ်ကိုလုပ်ဖို့ ဘယ်ပစ္စည်းကိရိယာက အသုံးဝင်မလဲ။

ဒီ ရေခဲတုံးကို ရေနွေးပူပူထဲမှာ ထည့်လိုက်ရင် ဘာဖြစ်လာမလဲ။

Rhyme/Song of the month: Five little monkeys
Five little monkeys jumping on the bed,
One fell down and bumped his head,
Mama called the doctor and the doctor said,
"No more monkeys jumping on the bed!"
(4, 3 စသည်တို့နှင့် ပြန်ရွတ်ဆိုပါ)

လေ့ကျင့်ခန်းများ
Bed နှင့် ကာရန်ညီသည့် အခြားစကားလုံးများ ရှိပါသလား။
ဒီသီချင်းကို ပြောင်းပြန် ပြန်ဆိုနိုင်သလား။
သီချင်းကို ဆိုနေသည့်အချိန်မှာ ကိန်းဂဏန်းများက ကြီးသွားသလား ဒါမှမဟုတ် ငယ်သွားသလား။

## မေ

စမ်းသတ်မှုပြုလုပ်ခြင်း၊ ဖန်တီးခြင်းနှင့် ပြဿနာဖြေရှင်းခြင်းကို အခြေခံထားသော ပညာရေးဆိုင်ရာ ဖော်ပြချက်များကို ကြည့်ရှုနိုင်ရန်အတွက် PBS မိဘများ အစီအစဉ်ကို သင့်ကလေးနှင့်အတူ ရှာဖွေလေ့လာလိုက်ပါ - SciGirls, http://www.pbs.org/parents/scigirls/; နှင့် Curious Crew, https://www.pbs.org/show/curious-crew/

| | တနင်္ဂနွေ (နားလည်နိုင်စွမ်း) | တနင်္လာ (အသံထွက်ပိုင်းတတ်သိနားလည်မှု) | အင်္ဂါ (အက္ခရာများကို ကိုယ်စားပြုသည့် အသံထွက်များကို ဖတ်တတ်ခြင်း) | ဗုဒ္ဓဟူး (ကျွမ်းကျင်မှု) | ကြာသပတေး (ဝေါဟာရ/ စကားလုံးလေ့လာခြင်း) | သောကြာ (အစောပိုင်းကာလ အတွက်အချက်) | စနေ (စာရေးသားခြင်း) |
|---|---|---|---|---|---|---|---|
| အပတ်စဉ် 1 | သတင်းအချက်အလက်ဖော်ပြသည့် စာအုပ်တစ်အုပ်ကို သင့်ကလေးနှင့်အတူ ဖတ်ပါ။ ခေါင်းစဉ်များ၊ အမှတ်အသားပြထားသော စကားလုံးများ၊ ရုပ်ပုံများနှင့် စာသားများကို ထောက်ပြပါ။ | သင့်ကလေးအား အသံ 2 မျိုးကို ပြောပါ။ အသံတစ်ခုချင်းအလိုက် အိတ်တစ်လုံးစီထားရှိပြီး အဆိုပါအသံများ၏ အစ/ဆုံးနှင့် ကိုက်ညီသည့် ပစ္စည်းများကို မှန်ကန်သည့် အိတ်သို့ ထည့်ခိုင်းပါ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ Q ဖြစ်ပါသည်။ "Q" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ quilt ကဲ့သို့သော /q/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | စာကြောင်းတစ်ကြောင်း၏ အဆုံးတွင် ပုဒ်ဖြတ်မရှိဘူးလား။ ဝါကျက စာကြောင်းနောက်တစ်ကြောင်းသို့ ဆက်သွားပါက သင့်မျက်လုံးသည် ရပ်တန့်မှုမရှိဘဲ လျှင်မြန်စွာ ရွေ့လျားရမည်ဖြစ်သည်။ ၎င်းကို စာအုပ်တစ်အုပ်တွင် ရှာဖွေပါ။ | သင့်ကလေးအား စကားလုံးအသစ်များနှင့် မိတ်ဆက်ပေးပါ - ပုံစံ ဒေတာ အကြောင်း အကျိုး | သတ်မှတ်ရက်အတွက် ကိန်းဂဏန်းများမှာ 8 မှ 12 အထိ ဖြစ်ပါသည်။ သင့်ကလေးအား အဆိုပါကိန်းဂဏန်းများ ရေးဆွဲခြင်းကို လေ့ကျင့်ပေးပါ။ ယနေ့အတွက် အဆိုပါကိန်းဂဏန်းများကို နေရာဘယ်လောက်များများတွင် ရှာတွေ့နိုင်သည်ကို မှတ်သားပါ။ | သင့်ကလေးများအား ၎င်းတို့နှစ်သက်သည့် တိရိစ္ဆာန်တစ်ကောင်၏ အကြောင်းအရာများကို စာတစ်ပုဒ် ရေးခိုင်းပါ။ |
| အပတ်စဉ် 2 | မာတိကာများနှင့်အညွှန်းကိန်းများပါသည့် စာအုပ်တစ်အုပ်ကို ဖတ်ပါ။ ၎င်းတို့ရှာဖွေသည့် အရာအား မည်ကဲ့သို့ရှာဖွေရမည်ဆိုသည်ကို ပြောပြပါ။ | အပြင်ထွက်ပြီး နားထောင်မှုစွမ်းရည် လေ့ကျင့်ပါ။ သင့်ကလေးအား /t/ ကဲ့သို့သော အသံရှိသည့် အက္ခရာတစ်လုံးကို ရွေးချယ်ခိုင်းပါ။ ထို့နောက် /t/ နှင့် စ/ဆုံးသည့် အရာဝတ္ထုများကို ရှာဖွေခိုင်းပါ။ | သင်ပြောင်းလဲလိုက်သည့် အစအသံကို လိုက်ပြီး သင့်ကလေးအား စကားလုံးကို ပြောခိုင်းပါ။ ဥပမာ - mat မှ fat မှ sat မှ bat မှ cat သို့ ပြောင်းပါ။ | မှန်ကန်တိကျသည့် စာဖတ်နှုန်းဖြင့် ဖတ်ရန် သင်ပြပေးပါ။ သင့်ကလေးကို စာဖတ်ပြနေစဉ် စကားပြောသည့်နေရာရောက်ပါက သင့်အသံအား အနိမ့်အမြင့် ပြုလုပ်ပြီး ဖတ်ပြပါ။ | ၎င်းတို့နှစ်သက်သည့် STEAM လှုပ်ရှားမှုတစ်ခု အကြောင်း ပြောပြခိုင်းပါ။ | သင့်ကလေးနှင့်အတူ အပြင်မှ ပစ္စည်းများကို အိတ်တစ်လုံးထဲသို့ ထည့်ပြီး သူတို့တွင် ရှိသည့် တူညီသည့် အရာအား အမျိုးအစားခွဲပါ။ | သင့်ကလေးအား ဂိမ်းတစ်ခုကို ပြုလုပ်ခိုင်းပါ သို့မဟုတ် ရင်းနှီးနေသော ဂိမ်းတစ်ခုအား ပြောင်းခိုင်းပါ။ ညွှန်ကြားချက်အသစ်များကို ရေးပါ။ |
| အပတ်စဉ် 3 | သတင်းအချက်အလက်ပေးသည့် စာစုတစ်ခုကို မဖတ်ခင် ၎င်းနှင့်ပတ်သက်သည့် ဗဟုသုတများကို ပြောပြပါ။ စာဖတ်ရခြင်း၏ ရည်ရွယ်ချက်တစ်ခုကို ချမှတ်ပြီး စာဖတ်နေစဉ်နှင့် ဖတ်ပြီးသည့်အခါ အဆက်အစပ်များ ပြုလုပ်ပေးပါ။ | ဖွင့်ထားသည့် ပြတင်းပေါက်များအနီးတွင် ထိုင်စေပြီး သဘာဝပတ်ဝန်းကျင်၏ အသံကို နားထောင်ခိုင်းပါ။ သူတို့ကြားရသည့်အသံကို ပြောပြခိုင်းပါ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ R ဖြစ်ပါသည်။ "R" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ rake ကဲ့သို့သော /r/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | သင့်ကလေးနှင့်အတူ အိပ်ရာဝင်ချိန်တွင် အသံကျယ်ကျယ်ဖြင့် ဖတ်ပါ။ ကလေးများက အဲဒီအချိန်ကို နှစ်သက်သဘောကျ ကြပါသည်။ | အပတ်စဉ် တစ်က စကားလုံးများဖြင့် ဂိမ်းတစ်ခုကစားပါ။ သင့်ကလေးများအား တူညီချက်များနှင့် ကွဲပြားခြားနားချက်များကို စာရင်းပြုစုစေခြင်း သို့မဟုတ် ကာရန် အညီဆုံး စကားလုံးများကို ဘယ်သူက ရှာဖွေနိုင်သည်ကို ကြည့်ရှုပါ။ | သတ်မှတ်နေ့ရက်အတွက် ပုံသဏ္ဌာန်မှာ ထောင့်မှန်စတုဂံပုံ ဖြစ်ပါသည်။ သင့်ကလေးအား ထောင့်မှန်စတုဂံပုံတစ်ပုံကို ဆွဲခိုင်းပါ။ ယနေ့အတွက် ထောင့်မှန်စတုဂံပုံကို နေရာဘယ်လောက်များများတွင် တွေ့နိုင်သည်ကို လေ့လာပါ။ | သင့်ကလေးအား သူ့အတွက် အရေးပါသည့် ပုဂ္ဂိုလ်တစ်ဦးအတွက် ကတ်တစ်ခု ပြုလုပ်ခိုင်းပါ။ |
| အပတ်စဉ် 4 | နောက်ခံဗဟုသုတများကို အသုံးပြုခြင်းသည် သင့်ကလေးအတွက် ပုံပြင်အသစ်များ ဖတ်ရှုသည့်အခါ ဖြစ်လာနိုင်မည့်အကြောင်းအရာများကို ကြိုတင်သိရှိ နားလည်ထားစေပါသည်။ စာမဖတ်ခင် သူတို့ဖတ်ရမည့်အကြောင်းအရာ ခေါင်းစဉ်ကို သိပြီးသားဖြစ်/မဖြစ် မေးမြန်းပါ။ | ပစ္စည်းများကို စုဆောင်းပြီး ခြင်းတောင်းထဲတွင် ထည့်ကာ ဖုံးအုပ်ထားပါ။ ခြင်းတောင်းကို ချောင်းကြည့်ပြီး ပစ္စည်း၏ အသံထွက်များကို ပြောပြပါ။ သင့်ကလေးအား ပစ္စည်းအမည်ကို ပြောပြခိုင်းပါ။ ဥပမာ - /s/ /o/ /c/ /k/ ဖြစ်ပါက ကလေးက sock ဟု ပြောပါမည်။ | ပန်းကန်ပြား သို့မဟုတ် လင်ပန်းတစ်ခုတွင် သကြား သို့မဟုတ် ဆားတို့ကို ထည့်ထားပြီး အက္ခရာများ၏အသံများကို ပြုလုပ်ခိုင်းပြီး အက္ခရာများကို ယှဉ်တွဲရေးဆွဲခိုင်းပါ။ | ကိုးကားချက်အမှတ်အသားများပါသည့် စကားလုံးများကို သင်ပြောဆိုလေ့ရှိသည့် နည်းလမ်းများအတိုင်း သင့်ကလေးအား ဖတ်ပြပါ။ | သတ်မှတ်လအတွက်သီချင်း (Five Little Monkeys) မှ စကားလုံးတစ်လုံးကို ရွေးပါ။ သင့်ကလေးအား အဓိပ္ပါယ်ကို ပြောပြခိုင်းပါ။ | သင့်ကလေးနှင့်အတူ ပူဖောင်းမှုတ်ပါ။ ပူဖောင်းအရေအတွက် ဘယ်လောက်များများ သင မှုတ်လိုက်သလဲ။ သင့်ကလေးက ပူဖောင်းအရေအတွက် ဘယ်လောက်များများ မှုတ်ပါသလဲ။ သင့်ကလေးအား အဆိုပါ ကိန်းဂဏန်းများကို ပေါင်းခြင်း သို့မဟုတ် နုတ်ခြင်း ပြုလုပ်ခိုင်းပါ။ | သင့်ကလေးများအား ၎င်းတို့၏ရုပ်ပုံကို ရေးဆွဲခိုင်းပြီး အညွှန်းတပ်ခိုင်းပါ (ဦးခေါင်း၊ ပါးစပ် စသည်)။ |
| အပတ်စဉ် 5 | သတင်းအချက်အလက်ပေးသည့် ပုံပြင်တစ်ပုဒ်ကို မဖတ်မီ သင့်ကလေးက ဘာကို သိထားသလဲ၊ ဘာကိုသိချင်သလဲနှင့် စာဖတ်ပြီးနောက် ဘာတွေသိရှိလာနိုင်မလဲ ဆိုတာကို မေးပါ။ | တေးဂီတကိရိယာများအဖြစ် အလွယ်တကူ ရနိုင်သော အရာဝတ္ထုများကို အသုံးပြုပါ။ သင့်ကလေးအား သူတို့ ပြုလုပ်သည့်အသံများကို အပြောင်းအလဲပြုလုပ်အောင် ပြောဆိုပါ (grrr, whoosh, whaa, mmm)။ | မဂ္ဂဇင်း သို့မဟုတ် ကတ်တလောက် တစ်ခုမှ ရုပ်ပုံများကို ရွေးချယ်ပါ။ ရုပ်ပုံ၏အမည်ကို ရေးပြီး နောက်ဆုံး အသံကို သင့်ကလေးအား ဆိုခိုင်းပါ။ | သင့်ကလေး စာဖတ်သည်ကို နားထောင်ပြီး စာလုံးကျော်ဖတ်ခြင်း သို့မဟုတ် မမှန်မကန် ဖတ်ခြင်းတို့အား ထောက်ပြပေးပါ။ | သင့်ကလေးများအား အပြင်သို့ ခေါ်ထုတ်ပြီး သင်တို့ တွေ့မြင်ရသော၊ အနံ့ရသော သို့မဟုတ် တွေ့ကြုံရသော တစ်စုံတစ်ခုနှင့်ပတ်သက်သည့် စကားလုံး အသစ်တစ်လုံးကို သူတို့နှင့် မိတ်ဆက်ပေးပါ။ | စည်ပိုင်းတစ်ခုတွင် ရေဖြည့်ပြီး သင့်ကလေးအား ကစားစရာပစ္စည်းတစ်ခုခုကို ရေတွင် နစ်မြုပ်ခြင်း သို့မဟုတ် ရေပေါ်တွင် ပေါ်နိုင်ခြင်းရှိ/မရှိကို စမ်း သပ်ခိုင်းပါ။ ကစားရာများကို အမျိုးအစားခွဲစေပြီး နစ်မြုပ်သွားသည့် အရေအတွက်နှင့် ရေပေါ်တွင် ပေါ်သည့်အရေအတွက်တို့ကို ပြောပြခိုင်းပါ။ | သင့်ကလေးအား ယခုအပတ်အတွင်းက သူတို့ကောက်ယူခဲ့သော အရာတစ်ခု အကြောင်းကို ရေးသားခိုင်းပါ။ |

ဒေသတွင်း အရင်းအမြစ် - MSU သိပ္ပံပွဲတော်သည် စိတ်ဝင်စားစရာကောင်းသည့် ရက်ဆက်အခမ်းအနားတစ်ခုဖြစ်ပြီး ၎င်းက သိပ္ပံပညာ၊ နည်းပညာ၊ အင်ဂျင်နီယာပညာ၊ အနုပညာနှင့် သင်္ချာပညာ (STEAM) တို့ကို အလေးပေးတင်ပြသည့် ပွဲတော် ဖြစ်ပါသည်။ ယခုနှစ်အတွက် အစီအစဉ်အပြည့်အစုံကို ကြည့်ရန် https://www.sciencefestival.msu.edu တွင် ဝင်ရောက်လေ့လာပါ။

# ကမ္ဘာကြီးအား ဆေးရောင်ခြယ်ခြင်း



အနုပညာဆိုသည်မှာ စာပေတတ်မြောက်ရေးအတွက် တံတားတစ်စင်းပင် ဖြစ်သည်။ ၎င်းက ကလေးများအား ကောင်းမွန်သည့်ဆောင်ရွက်ချက်များမှတစ်ဆင့် စာအရေး၊ အဖတ် ကျွမ်းကျင်မှုဆိုင်ရာ အခွင့်အလမ်းများကို ပေးအပ်ခြင်း၊ မိမိကိုယ်ကို ယုံကြည်မှု မြှင့်တင်ပေးခြင်းနှင့် ကလေးများအား ၎င်းတို့၏အသိပညာဗဟုသုတများကို ပြသစေခြင်း စသည်တို့ကို ပြုလုပ်ပေးပါသည်။ အနုပညာဆိုသည်မှာ ကလေးများ၏အတွေးအခေါ် စွမ်းရည်များကို ပိုမိုမြင့်မားစေပြီး ၎င်းတို့၏စိတ်ကူးစိတ်သန်းများကို အသုံးပြုရန် တွန်းအားပေးသည့် ပညာတစ်ခုဖြစ်ပါသည်။

ပစ္စည်းများ ရှုပ်ပွအောင် ပြုလုပ်လို့ အဆင်ပြေသည့် နေရာလွတ်တစ်ခုကို ဖန်တီးပါ။

Rhyme/Song of the month: Hey Diddle Diddle
Hey diddle diddle,
The cat and the fiddle,
The cow jumped over the moon.
The little dog laughed
To see such fun,
And the dish ran away with the spoon.

လေ့ကျင့်ခန်းများ
အလယ်စာလုံး /oo/ သံရှိသည့် စကားလုံးနှစ်လုံးကို ဖော်ပြပါ။
အဲဒီလိုအသံရှိသည့် စကားလုံး မည်မျှရှိသနည်း။
သင်၏ အနှစ်သက်ဆုံး တူရိယာက ဘာလဲ။
သင်နှစ်သက်သည့် တူရိယာကို အစားသွင်းပြီး တေးသီချင်းကို ပြောင်းဆိုပါ။

## ၆မ

ဆေးရောင်ခြယ်ခြင်းကို အခြေခံထားသော ပညာရေးဆိုင်ရာ ဖော်ပြချက်များကို ကြည့်ရှုနိုင်ရန်အတွက် PBS မိဘများ အစီအစဉ်ကို သင့်ကလေးနှင့်အတူ ရှာဖွေလေ့လာလိုက်ပါ - Pinkalicious & Peterrific, http://www.pbs.org/parents/pinkalicious/home/။

| | တနင်္ဂနွေ (နားလည်နိုင်စွမ်း) | တနင်္လာ (အသံထွက်ပိုင်းတတ်သိနားလည်မှု) | အင်္ဂါ (အက္ခရာများကို ကိုယ်စားပြုသည့် အသံထွက်များကို ဖတ်တတ်ခြင်း) | ဗုဒ္ဓဟူး (ကျွမ်းကျင်မှု) | ကြာသပတေး (ဝေါဟာရ/ စကားလုံးလေ့လာခြင်း) | သောကြာ (အစောပိုင်းကာလ အတွက်အချက်) | စနေ (စာရေးသားခြင်း) |
|---|---|---|---|---|---|---|---|
| အပတ်စဉ် 1 | ပုံပြင်ထဲက ဇာတ်ကွက်တစ်ခု သို့မဟုတ် အရေးကြီးဆုံး အပိုင်းများကို သင့်ကလေးအား ရှင်းပြပေးပါ။ပုံပြင် အစ၊ အလယ်နှင့် အဆုံးတွင် ဘာဖြစ်ပွားခဲ့သည်ဆိုတာကို သင့်ကလေးအား မေးပါ။ | (/s/ ကဲ့သို့) အသံကိုရွေးပြီး အဆိုပါအသံဖြင့် စ/ဆုံးသည့် ရုပ်ပုံများကို ဖြတ်ပြီး ပုံတစ်ခု ပြုလုပ်ခိုင်းပါ။ | သတ်မှတ်ရက်အတွက် အက္ခရာမှာ S ဖြစ်ပါသည်။ "S" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ sun ကဲ့သို့သော /s/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | သင့်ကလေးနှင့်အတူ ဝါကျ၊ စာပိုဒ် သို့မဟုတ် စာမျက်နှာတစ်ခုကို အလှည့်ကျဖတ်ပါ။ | သင့်ကလေးအား စကားလုံးအသစ်များနှင့် မိတ်ဆက်ပေးပါ - အနုပညာရှင် အရောင် လိုင်း ပုံသဏ္ဍာန် | သတ်မှတ်ရက်အတွက် ကိန်းဂဏန်းများမှာ 9 မှ 11 အထိ ဖြစ်ပါသည်။ သင့်ကလေးအား အဆိုပါ ကိန်းဂဏန်းများ ရေးဆွဲခြင်းကို လေ့ကျင့်ပေးပါ။ ယနေ့အတွက် အဆိုပါကိန်းဂဏန်းများကို နေရာဘယ်လောက်များများတွင် ရှာတွေ့နိုင်သည်ကို မှတ်သားပါ။ | ဆရာ/ဆရာမအား ကျေးဇူးတင်စကား ပြောဆိုရမည့် ရက်သတ္တပတ် - သင့်ကလေးများအားငင်းတို့၏ ဆရာ/ဆရာမအတွက် ကျေးဇူးတင်ကြောင်းပြသည့် ကတ်တစ်ခုကို ပြုလုပ်ခိုင်းပါ။ |
| အပတ်စဉ် 2 | သင့်ကလေးအား ပုံပြင်တစ်ပုဒ်၏ အဖြစ်အပျက်များ အကြောင်းကို မေးမြန်းပါ။ ထိုသို့ပြုလုပ်ခြင်းက သူတို့ဖတ်ထားသည့်အရာများကို ပြန်လည်မှတ်မိစေပါသည်။ | သင့်ကလေးအား ခြေအိတ်ဖြင့် အရုပ်တစ်ခုလုပ်ခိုင်းပြီး ရယ်စရာနာမည်တစ်ခုပေးပါ။ "Silly Sam,Tickely Tashawn, "စသည်ဖြင့်။ အဆိုပါ "puppet"ကို သုံးပြီး သင့်ကလေးအား မေးခွန်းများ မေးပါ။ | ရေခဲသေတ္တာပေါ်တွင် (cat) ဟူသည့် အက္ခရာသုံးခုကို ကပ် ရန်အတွက် သံလိုက်ကပ် အက္ခရာများကို အသုံးပြုပါ။ သင့်ကလေးအား ဖတ်စေပြီး ဝါကျတစ်ခုတွင် အသုံးပြုခိုင်းပါ။ | သင့်ကလေးအားသူ၏သူငယ်ချင်း၊ အိမ်နီးနားချင်း၊မောင်နှမ သို့မဟုတ် ဆွေမျိုးတစ်ဦးဦးအား သူနှစ်သက်သည့်စာအုပ်တစ်အုပ်အကြောင်း ဖတ်ပြခိုင်းပါ။ | သင့်ကလေးအား သူတို့၏ အနုပညာပရောဂျက် ပြုလုပ်ခဲ့သည့် အချိန်တစ်ခု အကြောင်း ပြောပြခိုင်းပါ။ | သင့်ကလေးအား မတူညီသည့် အရောင် 8 မျိုးကို အသုံးပြုပြီး ရုပ်ပုံတစ်ခု ဆွဲခိုင်းပါ။ ထို့နောက် အဆိုပါ အရောင်များကို ရေတွက်ခိုင်းပြီး အရောင်အမည်များကို ရွတ်ဆိုခိုင်းပါ။ | သင့်ကလေးအား သူတို့ကို ပျော်ရွှင်စေသည့် အရာများအား စရင်းပြုစုခိုင်းပါ။ |
| အပတ်စဉ် 3 | ပုံပြင်များတွင် ပြဿနာတစ်ခု ရှိပြီး အဖြေတစ်ခုရှိပါသည်။ သင့်ကလေးအား အဆိုပါ ပြဿနာကို ရှာဖွေခိုင်းပြီး ဘယ်လို ဖြေရှင်းသွားသည်ကို မေးပါ။ | သင့်ကလေးအား သူတို့၏ ခြေအိတ် အရုပ်လေးအား အစ၊ အလယ် သို့မဟုတ် အဆုံးတွင် တူညီသည့် အသံရှိသည့် အရာများ သို့မဟုတ် ရုပ်ပုံများဖြင့် "အစာကျွေး" ခိုင်းပါ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ T ဖြစ်ပါသည်။ "T" အတူတကွ သရုပ်ဖော်/ ရေးဆွဲပါ။ toy ကဲ့သို့ /t/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | စာဖတ်နေစဉ် အာရုံမှာပေါ် လာသော စကားလုံးများကို စကားစုများ ပြုလုပ်ခိုင်းပါ။ ခံစားချက်ဖြင့် စာဖတ်ခြင်း။ | အပတ်စဉ် တစ်က စကားလုံး များဖြင့် ဂိမ်းတစ်ခုကစားပါ။ သင့်ကလေးများအား တူညီ ချက်များနှင့် ကွဲပြားခြားနား ချက်များကို စာရင်းပြုစုစေခြင်း သို့မဟုတ် ကာရန် အညီဆုံး စကားလုံးများကို ဘယ်သူက ရှာဖွေနိုင်သည်ကို ကြည့်ရှုပါ။ | သတ်မှတ်နေ့အတွက် ပုံသဏ္ဍာန်မှာ ရွှမ်းဗတ် (အနားညီ အနားပြိုင်စတုဂံ) ပုံ ဖြစ်ပါသည်။ သင့်ကလေး အား ရွှမ်းဗတ်ပုံတစ်ပုံကို ဆွဲခိုင်းပါ။ ယနေ့အတွက် ရွှမ်းဗတ်ပုံများအား နေရာဘယ်လောက်များများတွင် တွေ့နိုင်သည်ကို လေ့လာပါ။ | သင့်ကလေးအား အက္ခရာ တစ်လုံးကို ရွေးချယ်ခိုင်းပြီး အဆိုပါအက္ခရာနှင့်စသည့် အရာဝတ္ထုငါးမျိုးကို လိုက်ရှာခိုင်းပါ။ အဆိုပါ စကားလုံးများကို စာရင်းတစ်ခုပြုလုပ်ခိုင်းပါ။ |
| အပတ်စဉ် 4 | သင့်ကလေးအား ဆက်တင် အကြောင်း သင်ယူခိုင်းပါ။ ဆက်တင်ဆိုသည်မှာ ပုံပြင်တစ်ပုဒ်ဖြစ်ပွားမည့် နေရာ ဖြစ်ပါသည်။ | တေးဂီတကိရိယာများ ပြုလုပ်ရန် အလွယ်တကူရနိုင်သော အရာဝတ္ထုများကို အသုံးပြုပါ။ သင့်ကလေးအား သူတို့ ပြုလုပ်သည့်အသံများကို အပြောင်းအလဲပြုလုပ်အောင် ပြောဆိုပါ (grrr, whoosh, whaa, mmm)။ | /sh/ သံဖြင့်စသည့် စကားလုံးများစာရင်းတစ်ခုကို ပြုစုခိုင်းပါ။ စာရင်းကို အတူ ဖတ်ကြည့်ပါ။ /sh/ သံကို ဖြစ်စေသည့်အက္ခရာများကို အမှတ်အသားပြုပါ။ | သင့်ကလေးအနေဖြင့် မြင်မြင်ချင်းပင် စကားလုံး ဘယ်လောက်များများဖတ်နိုင်သည်ကို မှတ်ထားပါ။ တစ်ကြိမ်ပြီးတစ်ကြိမ် ရမှတ်တက်လာအောင် လေ့ကျင့်ပေးပါ။ | သတ်မှတ်လအတွက်သီချင်း (Hey Diddle, Diddle) မှ စကားလုံးတစ်လုံးကို ရွေးပါ။ သင့်ကလေးအား အဓိပ္ပါယ်ကို ပြောပြခိုင်းပါ။ | သင့်ကလေးအား အပြင်မှ သစ်ရွက် 10 မျိုးကို ယူခဲ့ခိုင်းပါ။ ဘယ်နေရာတူပြီး ဘယ်နေရာကွဲပြားသည်ကို ဆွေးနွေးကြည့်ပါ။ အနုပညာဖန်တီးမှု တစ်ခုပြုလုပ်ရန် အဆိုပါ သစ်ရွက်များကို စာရွက်တစ်ခုပေါ်တွင် ကော်ဖြင့်ကပ်ပါ။ | သင့်ကလေးနှင့်အတူ ရေခဲသေတ္တာပေါ်တွင် မိသားစုဝင်များ၏ စကားလုံးများ သို့မဟုတ် နာမည်များကို စာလုံးပေါင်းရန် အတွက် သံလိုက်အက္ခရာများကို အသုံးပြုပါ။ |
| အပတ်စဉ် 5 | ဆက်တင်(အချိန်နှင့် နေရာ) သည် အမှန် သို့မဟုတ် ဖန်တီးမှု ဖြစ်နိုင်ပါသည်။ အချို့သောပုံပြင်များတွင် ဆက်တင်သည် ဇာတ်ကောင်များနှင့် ဇာတ်ကွက်အတွက် အရေးပါပါသည်။ သင့်ကလေးနှင့်အတူ ဆက်တင်အကြောင်းရှင်းပြထားသည့် အသေးစိတ်အချက်အလက်များကို ရှာဖွေပါ။ | သင့်ကလေးအား ပထမဆုံး အသံဖြင့် စ/ဆုံးသည့် ပစ္စည်း များကို ခွဲခြားသတ်မှတ်ခိုင်း ရန်အတွက် ရုပ်ပုံတစ်ပုံကို အသုံးပြုပါ။ (ဥပမာ - /t/, /m/, /b/။) | hope နှင့် ကာရန်ညီသည့် စကားလုံးများကို အတူတွေးပါ။ ၎င်းစကားလုံးများကို အတူရေးပါ။ သူတို့အားလုံး၏ စာလုံးပေါင်းများ တူပါသလား။ | သင့်ကလေးက လေ့ကျင့်ပြီး ပါက သူတို့စာဖတ်နေမှုအား ဖုန်းဖြင့် ဗီဒီယိုရိုက်ထားပါ။ သူတို့၏ ကိုယ်ပိုင်စာဖတ်ဟန် ဖြင့် ဖတ်ခိုင်းပါ။ | သင့်ကလေးများအား အပြင်သို့ ခေါ်ထုတ်ပြီး သင်တို့ တွေ့မြင်ရသော၊ အနံ့ရသော သို့မဟုတ် တွေ့ကြုံရသော တစ်စုံတစ်ခုနှင့် ပတ်သက်သည့် စကားလုံး အသစ်တစ်လုံးကို သူတို့နှင့် မိတ်ဆက်ပေးပါ။ | ယခုနှစ်အတွင်း သင်ယူခဲ့သည့် ပုံသဏ္ဍာန်များကို အသုံးပြုပြီး ရုပ်ပုံတစ်ပုံ ဆွဲရန် ပြောပါ။ ပုံသဏ္ဍာန်တစ်ခုချင်းစီ၏ အမည်များကို အော်ပြောခိုင်းပါ။ | နွေရာသီကို မကြာခင်ရောက် ပါတော့မယ်။ သင့်ကလေးများ နွေရာသီတွင် သူတို့လုပ်ဆောင်ရန် နှစ်သက်သည့် အရာများအကြောင်းကို ရေးခိုင်းပါ။ |

ဒေသတွင်း အရင်းအမြစ် - ယခုအချိန်သည် အပြင်သို့ထွက်ပြီး အရှေ့လန်စင်းအနုပညာပွဲတော်ကို ကြည့်ရှုရန် အကောင်းဆုံးသောအချိန် ဖြစ်ပါသည်။ ကလေးသူငယ်များ၏အနုပညာ လှုပ်ရှားမှုဇရိယာ အရှေ့လန်စင်းအနုပညာပွဲတော်သည် ကလေးများနှင့် ၎င်းတို့၏ မိသားစုများအား မုန်ကန်သည့်လက်ဆင့်ကမ်းမှုများ၊ ဖန်တီးပြုလုပ်ပြီး ယူဆောင်သွားနိုင်သည့် အနုပညာလှုပ်ရှားမှုများ၊ ဆွေးနွေးမှုများကို ပေးအပ်ပြီး သရုပ်ဖော်မှုများကိုလည်း တိုက်ရိုက်ထုတ်လွှင့်ပေးပါသည်။ ၎င်းနှင့်ပတ်သက်သည့် နောက်ဆုံးရသတင်းများကို ယခုဝက်ဘ်ဆိုဒ်တွင် ဝင်ရောက် ကြည့်ရှုပါ - http://www.elartfest.com/#intro။

# သင့် အသိုက်အဝန်းကို စူးစမ်းလေ့လာခြင်း။



ကလေးငယ်များသည် ၎င်းတို့၏အသိုက်အဝန်းကို စူးစမ်းလေ့လာ လိုစိတ် ရှိကြသည်။ ကိုယ်တိုင်အစပျိုးခြင်း၊ အလိုအလျောက် ဆော့ကစားခြင်းတို့ကို ညှိနိုင်းခြင်းနှင့် ရရှိထားသော အတွေ့အကြုံများစသည့် နှစ်မျိုးစလုံးက ကလေးများအတွက် အကျိုးရှိစေပါသည်။ အဆိုပါ အတွေ့အကြုံများက ဘာသာစကားပြောဆိုမှုဆိုင်ရာ စွမ်းရည်များနှင့် ဝေါဟာရ ကြွယ်ဝစေပါသည်။

စွန့်စားခန်းဖွင့်ကြစို့!

Rhyme/Song of the month: Baa, Baa Black Sheep

Baa, baa, black sheep,
Have you any wool?
Yes, sir, yes, sir,
Three bags full;
One for the master,
And one for the dame,
And one for the little boy
Who lives down the lane.

လေ့ကျင့်ခန်းများ

Wool နှင့် ကာရန်တူသော စကားလုံးကို ရှာပါ။

Black အပြင် "bl-"နှင့် စသည့် အခြားအရောင်တစ်ခုကို သိပါသလား။

အခြားတိရိစ္ဆာန်အမည်တစ်ခု ထည့်သွင်းရန် ကာရန် ပြောင်းပါ။

# ဇွန်

သင့်အသိုက်အဝန်းကို စူးစမ်းလေ့လာခြင်းကို အခြေခံထားသော ပညာရေးဆိုင်ရာ ဖော်ပြချက်များကို ကြည့်ရှုနိုင်ရန်အတွက် PBS မိဘများ အစီအစဉ်ကို သင့်ကလေးနှင့်အတူ ရှာဖွေလေ့လာလိုက်ပါ - SUPER WHY, http://www.pbs.org/parents/superwhy/; နှင့် WordGirl, http://www.pbs.org/parents/wordgirl/parentsandteachers.html။

| | တနင်္ဂနွေ (နားလည်နိုင်စွမ်း) | တနင်္လာ (အသံထွက်ပိုင်းတတ်သိနားလည်မှု) | အင်္ဂါ (အက္ခရာများကို ကိုယ်စားပြုသည့် အသံထွက်များကို ဖတ်တတ်ခြင်း) | ဗုဒ္ဓဟူး (ကျွမ်းကျင်မှု) | ကြာသပတေး (ဝေါဟာရ/ စကားလုံးလေ့လာခြင်း) | သောကြာ (အစောပိုင်းကာလ အတွက်အချက်) | စနေ (စာရေးသားခြင်း) |
|---|---|---|---|---|---|---|---|
| အပတ်စဉ် 1 | သင့်အနေဖြင့် မိမိဖတ်သည့် စာအား အနှစ်ချုပ်သည့်အခါ ပုံပြင်က မည်သို့ဖြစ်သွားသည် သို့မဟုတ် မည်သည့်အကြောင်းကို အဓိကဖော်ပြသွားသည်ဆိုတာကို သင့်ကလေးအား အကျဉ်းချုပ်ပြောပြပါ။ နှစ်သက်ရာ ပုံပြင်တစ်ပုဒ်ကို အကျဉ်းချုပ်တတ်သည့် အလေ့အကျင့်ကို အတူလေ့ကျင့်ပါ။ | ပုံပြင်တစ်ပုဒ်ကို ဖတ်ပြီးပါက အသံ 3-4 မျိုးရှိသည့် စကားလုံးများကို ရွေးချယ်ခိုင်းပါ။ သင်က စကားလုံးကို ပြောပြပြီး ကလေးများကို အသံထွက်ခိုင်းပါ။ ဥပမာ - သင်က dog ကို ရွေးချယ်ပြီး ကလေးက /d//o//g/ ဟု ပြောပါမည်။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ U ဖြစ်ပါသည်။ "U" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ uncle ကဲ့သို့ /u/ သံဖြင့်စသည့် စကားလုံးများကို ရေးပါ။ | သင့်ကလေးအား တူညီသည့် စာလုံးရေ 100 - 200 ရှိသော ပုံပြင်အား ထပ်ကာထပ်ကာဖတ်ရှုရန် လေ့ကျင့်ပေးပါ။ တစ်မိနစ်လျှင် စကားလုံးဘယ်လောက်များများကို မှန်ကန်စွာ ဖတ်နိုင်သလဲဆိုသည် ကို အချိန်မှတ်ပြီး စောင့်ကြည့်ပါ။ | သင့်ကလေးအား စကားလုံးအသစ်များနှင့် မိတ်ဆက်ပေးပါ - ကိန်းဂဏန်း ခေါင်းစဉ် စာရေးဆရာ ဝါကျ | သတ်မှတ်ရက်အတွက် ကိန်းဂဏန်းများမှာ 0 နှင့် 10 ဖြစ်ပါသည်။ သင့်ကလေးအား အဆိုပါ ကိန်းဂဏန်းများ ရေဆွဲခြင်းကို လေ့ကျင့်ပေးပါ။ ယနေ့အတွက် အဆိုပါကိန်းဂဏန်းများကို နေရာဘယ်လောက်များများတွင် ရှာတွေ့နိုင်သည်ကို မှတ်သားပါ။ | သင့်ကလေး၏ မျက်လုံးများကို စည်းထားပြီး ၎င်းတို့အား စိတ်ဝင်စားစရာကောင်းသည့် အစားအစာတစ်မျိုးမျိုးကို ပေးပါ (လိမ္မော်သီး၊ သကြားလုံးများ)။ အဆိုပါအစားအစာ၏ အရသာ၊ ခံစားမှုနှင့် အနံ့တို့ကို ရေးခိုင်းပါ။ |
| အပတ်စဉ် 2 | ပုံပြင်တစ်ပုဒ်အား ပြန်ပြောပြခြင်းသည် စာဖတ်သူများအား ၎င်းတို့ဖတ် ခဲ့သည့်အကြောင်းအရာအား မှတ်မိအောင် ကူညီပေးပါသည်။ သင့်ကလေးအား အဓိက အဖြစ်အပျက်များကို သေချာမှတ်သားခိုင်းပြီး အစီအစဉ်တကျ ပြောပြပါ။ | မိသားစုဝင်တစ်ဦးစီကို နှစ်သက်ရာစာအုပ်၊ ကဗျာ သို့မဟုတ် ကလေးကဗျာ တစ်ခုခုကို ရွေးချယ်ခိုင်းပြီး အတူဖတ်ပါ။ | သင့်ကလေးနှင့်အတူ စာအုပ်တစ်အုပ်တွင် စကားလုံးအသစ် သုံးလုံးကို ရှာဖွေပါ။ ကလေးများအား စကားလုံးများကို ရေးသားစေပြီး စကားလုံးတစ်လုံးစီ၏အဓိပ္ပါယ် ဖော်ပြသည့် ရုပ်ပုံတစ်ပုံစီကို ရေးဆွဲပါ။ | နှစ်သက်ရာပုံပြင်တစ်ပုဒ်ကို ပြန်ဖတ်ပြီး အရေးကြီးသည့် စကားလုံးတစ်လုံးကို ဖျောက်ထားကာ သင့်ကလေးအား ၎င်းကို ဖြည့်ခိုင်းပါ။ | စကားလုံးများနှင့်အတူ ဆော့ခဲ့သည့် အချိန်တစ်ခု အကြောင်း သင့်ကလေးအား ပြောပြခိုင်းပါ။ | သင့်ကလေးအား နာရီပေါ်ရှိ မိနစ်နှင့် နာရီလက်တံများအကြောင်း မိတ်ဆက်ပေးပါ။ နာရီနှင့် နာရီဝက်များကြည့်ရှုခြင်းကို အတူတကွ လေ့ကျင့်ပါ။ | သင့်ကလေးအား လမ်းအမှတ် အသားများအကြောင်း ဖော်ပြထားသည့် စာအုပ်တစ်အုပ်ကို ပြုလုပ်ခိုင်းပါ။ စာမျက်နှာ တစ်ခုစီတွင် သင်္ကေတတစ်ခု ရေးစေပြီး ထိုသင်္ကေတ၏ အဓိပ္ပါယ်ကို ရေးသားခိုင်းပါ။ |
| အပတ်စဉ် 3 | သင့်ကလေးအား first၊ next၊ နှင့် last ကဲ့သို့ အစဉ်လိုက်ပြသော စကားလုံးများမှာ ပုံပြင်တစ်ပုဒ်၏အဖြစ်အပျက်များကို အစဉ်လိုက်ဖော်ပြသည့် စကားလုံးများဖြစ်သည်ဟု ပြောပြပါ။ သူတို့ မကြာခင်က ဖတ်ထားသည့် ပုံပြင်တစ်ပုဒ်အား အဆိုပါအချက်များကို အသုံးပြုကြည့်ခိုင်းပါ။ | စကားလုံးများ၏ အသံများကို ဖြေးညှင်းစွာရွတ်ဆိုပြပြီး ကလေးများအား ပုံမှန်နှုန်းဖြင့် ပြန်လည်ရွတ်ဆိုခိုင်းပါ။ ဥပမာ - iiiitttttt ကဲ့သို့သော အသံထွက် 2 ခုရှိသည့် စကာလုံး တစ်လုံးကို ဖြေးညှင်းစွာ ရွတ်ဆိုပြပြီး သင့်ကလေးအား "it" ဟု ပြောခိုင်းပါ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ V ဖြစ်ပါသည်။ "V" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ Vest ကဲ့သို့ /v/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | စာဖတ်ခြင်းကို ပိုမိုစိတ်ဝင်စားနိုင်စေရန်အတွက် ၎င်းတို့၏ အသံအနိမ့်အမြင့်နှင့် အသံနေအသံထားတို့ကို အပြောင်းအလဲ ပြုလုပ်ခိုင်းပါ။ | အပတ်စဉ် တစ်က စကားလုံးများဖြင့် ဂိမ်းတစ်ခုကစားပါ။ သင့်ကလေးများအား တူညီချက်များနှင့် ကွဲပြားခြားနားချက်များကို စာရင်းပြုစုစေခြင်း သို့မဟုတ် ကာရန် အညီဆုံး စကားလုံးများကို ဘယ်သူက ရှာဖွေနိုင်သည်ကို ကြည့်ရှုပါ။ | သတ်မှတ်နေ့အတွက် ပုံသဏ္ဍာန်မှာ ဘဲဥပုံ ဖြစ်ပါသည်။ သင့်ကလေးအား ဘဲဥပုံတစ်ပုံကို ဆွဲခိုင်းပါ။ ယနေ့အတွက် ဘဲဥပုံများကို နေရာဘယ်လောက်များများတွင် တွေ့နိုင်သည်ကို လေ့လာပါ။ | သင့်အသိုက်အဝန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်နေသည့် လူပုဂ္ဂိုလ်နှင့် နေရာများ၏အကြောင်းကို သင့်ကလေးအား ရေးသားခိုင်းပါ။ |
| အပတ်စဉ် 4 | သင့်ကလေးအား ဝါကျ အနည်းငယ်ပါဝင်သည့် ပုံပြင်တစ်ပုဒ်ကို ပြန်လည်ပြောပြခြင်းအား လေ့ကျင့်ပေးပါ။ | ကလေးကဗျာကို ရွတ်ဆိုရန် "robot talk (စက်ရုပ်စကားပြောခြင်း)" ကို အသုံးပြုပါ။ သင့်ကလေးအား အသံတစ်ခုချင်းစီကို ကြားစေပြီး ၎င်းတို့ကို အတူတကွ ပြန်ထားပါ။ ဥပမာ - သင်က /s//i//r/ ဟု ပြောပါက သင့်ကလေးက sir ဟု ပြောမည်ဖြစ်သည်။ | သင်ပြောင်းလဲလိုက်သည့် အစအသံကို လိုက်ပြီး သင့်ကလေးအား စကားလုံးကို ပြောခိုင်းပါ။ (ဥပမာ - spring မှ ring မှ sing မှ thing) သို့ ပြောင်းဆိုခိုင်းပါ။) | ဇာတ်ကောင်များက သူတို့ကို ပြောပြနေသည့်အတိုင်း ဇာတ်ဆောင်တစ်ယောက်ချင်းစီ၏ စကားလုံးများကို ရွတ်ဆိုပါ။ | သတ်မှတ်လအတွက် ကာရန်သီချင်း (Baa, Baa, Black Sheep) မှ စကားလုံးတစ်လုံးကို ရွေးချယ်ပါ။ သင့်ကလေးအား အဓိပ္ပါယ်ကို ပြောပြခိုင်းပါ။ | သင့်ကလေးအား စက်ဝိုင်း 2 ခုကို ရေးဆွဲစေပြီး ဖြတ်ခိုင်းပါ။ စက်ဝိုင်းတစ်ခုကို အညီ 2 ပိုင်း ပိုင်းခိုင်းပါ။ အဆိုပါ အပိုင်းနှစ်ခုအား တူညီသည့် အပိုင်း 4 ပိုင်းအဖြစ် ထပ်မံ ပိုင်းခိုင်းပါ။ တစ်ဝက်နှင့် လေးပုံတစ်ပုံ အကြားရှိ ခြားနားချက်ကို ဆွေးနွေးပါ။ | သင့်ကလေးအား ဖန်တီးထားခြင်းမဟုတ်သော (အမှန်တကယ်အဖြစ်အပျက်) ပုံပြင် တစ်ပုဒ်ကို ဖတ်ခိုင်းပါ။ သင် လေ့လာခဲ့သည့် စကားလုံးအသစ်အားလုံးကို စာရင်းပြုစုပါ။ |
| အပတ်စဉ် 5 | ကောင်းမွန်သည့် စာဖတ်သူ တစ်ယောက်သည် သူတို့ ဖတ်သည့် ပုံပြင်ကို ပိုမိုမှတ်မိစေနိုင်သည့် လျှို့ဝှက်ချက်တစ်ခုကို သိမ်းထားတတ်ကြောင်း သင့်ကလေးအား ပြောပြပါ။ | သင့်ကလေးအား မိသားစုနှင့် သူငယ်ချင်းများ၏ အမည်များကို တစ်ခုချင်းစီ ဖြတ်တောက်ခိုင်းပြီး ကျယ်ကျယ်အော်ဖတ်ခိုင်းပါ။ (ဥပမာ - Jon-a-thon) | make နှင့် ကာရန်ညီသည့် စကားလုံးများကို စူးစမ်းရှာဖွေခိုင်းပါ။ ၎င်းစကားလုံးများကို အတူရေးပါ။ သူတို့အားလုံး၏ စာလုံးပေါင်းများ တူပါသလား။ | ပုံပြင်တစ်ပုဒ်ကို ကောင်းကောင်းမွန်မွန်နှင့် အသုံးအနှုန်းမှန်ကန်စွာ ဖတ်နိုင်သည်အထိ ကဗျာတစ်ပုဒ်အား 3-4 ကြိမ် ဖတ်ခိုင်းပါ။ | သင့်ကလေးများအား အပြင်သို့ခေါ်ထုတ်ပြီး သင်တို့ တွေ့မြင်ရသော၊ အနံ့ရသော သို့မဟုတ် တွေ့ကြုံရသော တစ်စုံတစ်ခုနှင့်ပတ်သက်သည့် စကားလုံး အသစ်တစ်လုံးကို သူတို့နှင့် မိတ်ဆက်ပေးပါ။ | လက်တွေ့ဘဝတွင်အသုံးပြုနေသည့် အရာဝတ္ထုများ၏ အရွယ်အစား ပမာဏကို အတူတကွ နှိုင်းယှဉ်မှု ပြုလုပ်ပါ။ (ဥပမာ - အပေါ်ထပ်နှင့် အောက်ထပ်ရှိ အခန်းများ၏ အရေအတွက်ကို နှိုင်းယှဉ်ခြင်း။) | အသင်းအဖွဲ့အကူအညီပေးသူ တစ်ယောက်ထံ ကျေးဇူးတင်သည့် ကတ်တစ်ခုအား ပြုလုပ်စေပြီး ၎င်းတို့ထံ ဖြန့်ဝေပေးပါ။ |

ဒေသတွင်း အရင်းအမြစ် - ယခုလအတွင်း လန်စင်းမြို့တွင် ပြုလုပ်မည့် သင့်မွေးရပ်မြို့အတွက် ကမ္ဘာလှည့်ခရီးသည်တစ်ဦးဖြစ်ပါစေ ဆိုသည့် အစီအစဉ်ကို ရှာဖွေကြည့်ပါ။ ပါဝင်လှုပ်ရှားသူများအနေဖြင့် အဆိုပါနေ့ရက်တွင် ဒေသတွင်းက စွဲဆောင်မှုရှိသည့် နေရာပေါင်း 80 ခန့်သို့ အလည်အပတ်သွားရောက်ခွင့်ရမည်ဖြစ်ပြီး အောက်ပါတို့ ပါဝင်မည့် တစ်ရက်တာ အထူးလေ့လာရေးခရီးတွင်လည်း ပါဝင်ခွင့်ရမည်ဖြစ်သည် - Impression 5 သိပ္ပံစင်တာ၊ Potter Park တိရိစ္ဆာန်ဥယျာဉ်၊ နိုင်ငံတော်၏ ပါလီမန် အဆောက်အဦ၊ Michigan History Center နှင့် အခြားနေရာများ။ ထပ်မံသိရှိလိုသည်များရှိပါက http://www.lansing.org/events/be-a-tourist/ တွင် ဝင်ရောက်လေ့လာပါ။

# ကိန်းဂဏန်းများကို နားလည်သဘောပေါက်ခြင်းနှင့် အလုပ်လုပ်ခြင်း



သင်္ချာပညာရပ်အကြောင်း ပြောဆိုခြင်းသည် ဘာသာစကားကျွမ်းကျင်မှုများကို အထောက်အပံ့ ဖြစ်စေပါသည်။ ကလေးများ အနေဖြင့် ဘယ်စကားလုံးက ဘယ်လိုအဓိပ္ပါယ်ရပြီး ဘယ်စကားလုံးများကို အချို့သော အရာဝတ္ထုများနှင့် အခြေအနေများကို ဖော်ပြရန် သင့်တော်သည်ကို ဆုံးဖြတ်ခြင်းကြောင့် စာအရေးအဖတ်စွမ်းရည်လည်း တိုးတက် လာပါသည်။ သင်္ချာပညာသည် စကားလုံး၏အဓိပ္ပါယ်ကို ဆွေးနွေးနိုင်သည့် အခြေအနေတစ်ရပ်ပင် ဖြစ်ပါသည်။ကျောင်းတွင်း သင်္ချာပညာရပ်တွင် အောင်မြင်မှုများ ရရှိလာစေမည့်အကောင်းဆုံး ကြိုတင်ခန့်မှန်းချက်တစ်ခုမှာ ကလေးများကပုံပြင်များအား ကောင်းမွန်စွာ နားလည် သဘောပေါက်ပြီး ပြောပြတတ်ခြင်းပင် ဖြစ်သည်။

သင်္ချာနှင့် စာအရေးအဖတ် - စွမ်းအင်ပြည့်ဝသည့်ယှဉ်တွဲမှု

Rhyme/Song of the month: The Itsy Bitsy Spider
The itsy bitsy spider
Climbed up the water spout.
Down came the rain
And washed the spider out.
Out came the sun
And dried up all the rain.
And the itsy bitsy spider climbed up the spout again.

လေ့ကျင့်ခန်းများ
Spout နှင့် ကာရန်ညီသည့် စကားလုံးများကို ဖော်ပြပါ။ /ou/ အသံရှိသည့် စကားလုံးများကို ဖော်ပြပါ။
"sp-"နှင့် စသည့် အခြားစကားလုံးများကို ဖော်ပြပါ။
သင်အနှစ်သက်ဆုံး ပိုးမွှားကို ဖော်ပြပါ။ သင်နှစ်သက်သော ပိုးမွှားတစ်ကောင်၏အမည်ဖြင့် ကဗျာကို ပြောင်းပါ။

## ဇူလိုင်

ကိန်းဂဏန်းများကို နားလည်သဘောပေါက်ခြင်းနှင့် အလုပ်လုပ်ခြင်းကို အခြေခံထားသော ပညာရေးဆိုင်ရာ ဖော်ပြချက်များကို ကြည့်ရှုနိုင်ရန်အတွက် PBS မိဘများ အစီအစဉ်ကို သင့်ကလေးနှင့်အတူ ရှာဖွေ လေ့လာလိုက်ပါ - Cyberchase, http://www.pbs.org/parents/cyberchase/ ၊ Peg + Cat, http://www.pbs.org/parents/peg/ နှင့် Odd Squad ၊ http://www.pbs.org/parents/oddsquad/home/။

| | တနင်္ဂနွေ (နားလည်နိုင်စွမ်း) | တနင်္လာ (အသံထွက်ပိုင်းတတ်သိနားလည်မှု) | အင်္ဂါ (အက္ခရာများကို ကိုယ်စားပြုသည့် အသံထွက်များကို ဖတ်တတ်ခြင်း) | ဗုဒ္ဓဟူး (ကျွမ်းကျင်မှု) | ကြာသပတေး (ဝေါဟာရ/ စကားလုံးလေ့လာခြင်း) | သောကြာ (အစောပိုင်းကာလ အတွက်အချက်) | စနေ (စာရေးသားခြင်း) |
|---|---|---|---|---|---|---|---|
| အပတ်စဉ် 1 | ပုံပြင်တစ်ပုဒ်ကို ဖတ်သည့်အခါ သင့်ကလေးအား ဇာတ်ဆောင်တွေက ဘယ်သူတွေလဲ၊ သူတို့ ဘာလုပ်ကြတာလဲ၊ ဘာကြောင့်လုပ်တာလဲနှင့် ဘယ်လိုဖြစ်လာသလဲဆိုတာကို လေ့လာခိုင်းပါ။ | /t/ သံနှင့် စ/ဆုံးသော ကိန်းဂဏန်းများဖြစ်သည့် "ten ၊ twelve ၊ twenty" တို့ကို အော်ဆိုခိုင်းပါ။ အခြားမတူညီသည့် အသံများဖြင့်လည်း ပြုလုပ်ပေးပါ။ | sleep နှင့် ကာရန်ညီသော စကားလုံးများကို သင့်ကလေးအား တွေးခိုင်းပါ။ သင့်ကလေးအား စကားလုံးများကို ရေးခိုင်းပါ။ စကားလုံးများ၏စာလုံးပေါင်းများ တူသလားဆိုသည်ကို သင့်ကလေးအား မေးပါ။ | သင့်ကလေးအား စိတ်ကူးယဉ်ဖန်တီးထားခြင်းမဟုတ်သည့် စာအုပ်တစ်အုပ်ကို ဖတ်ခိုင်းပါ။ ကျွမ်းကျင်ပြီး နားလည်လာစေရန်အတွက် ဖတ်ပြီးသည့်အပိုင်းတွေကို ပြန်လည်ဖတ်ခိုင်းပါ။ | သင့်ကလေးအား စကားလုံးအသစ်များနှင့် မိတ်ဆက်ပေးပါ - အမျိုးအစား တူညီသော ကိန်းဂဏန်းများ ထိုို့ပြင် | သတ်မှတ်ရက်အတွက် ကိန်းဂဏန်းများများမှာ 20 နှင့် 30 ဖြစ်ပါသည်။ သင့်ကလေးအား အဆိုပါ ကိန်းဂဏန်းများ ရေဆွဲခြင်းကို လေ့ကျင့်ပေးပါ။ ယနေ့အတွက် အဆိုပါကိန်းဂဏန်းများကို နေရာဘယ်လောက်များများတွင် ရှာတွေ့နိုင်သည်ကို မှတ်သားပါ။ | သင့်ကလေးအား 10 (သို့မဟုတ် ၎င်းထက်ပို၍) ရေတွက်ခိုင်းပြီး ကိန်းတစ်ခုချင်းစီ၏ စကားလုံးကို ရေးခိုင်းပါ။ |
| အပတ်စဉ် 2 | သင့်ကလေးအား ပုံပြင်တစ်ပုဒ်ဖြစ်ပွားသည့် နေရာနှင့် အချိန်တို့ကိုလေ့လာ ခိုင်းပါ။ အသေးစိတ်အချက် အလက်များကို ရှာဖွေနိုင်ရန်အတွက် ပြန်ဖတ်ရန် ကူညီပေးပါ။ | သင့်ကလေးအား "glad" နှင့် ကာရန်တူသော သို့မဟုတ် ၎င်းနှင့် အစ၊ အလယ် သို့မဟုတ် အဆုံးတူညီသည့် အခြားစကားလုံး 10 လုံးကို ရှာဖွေရန် ကူညီပေးပါ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ W ဖြစ်ပါသည်။ "W" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ water ကဲ့သို့သော /w/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | ဓမ္မတေးကို ကျယ်ကျယ်သီဆိုခြင်း။ သင့်ကလေး ဖတ်ရန်လွယ်ကူမည့် စာအုပ်တစ်အုပ်ကို ရွေးပါ။ သင်နှင့်တူညီသည့် အမြန်နှုန်းဖြင့် ကလေးအား ကျယ်ကျယ်ဖတ်ရန် ကူညီပေးပါ။ | သင့်ကလေးအား ရုပ်ပုံတစ်ခု သို့မဟုတ် ဓာတ်ပုံတစ်ခုအကြောင်း ပြောပြပါ။ | ကျောက်ခဲများကို ကောက်ယူပါ။ သင့်ကလေးအား "ကျောက်ခဲ 2 ခုစီဖြင့် ဘယ်နှစ်စု လုပ်နိုင်သလဲဟု မေးပါ။ ကျောက်ခဲ 3 ခုဖြင့် ဘယ်နှစ်စု လုပ်နိုင်သလဲဟု မေးပါ။ ကျောက်ခဲ 4 ခုဖြင့် ဘယ်နှစ်စု လုပ်နိုင်သလဲဟု မေးပါ။ ကျောက်ခဲမည်မျှ ကျန်ရှိသေးသနည်း။" | သင့်ကလေးအား "သင့်နာမည်အစအက္ခရာနှင့် တူညီသည့် စကားလုံး မည်မျှရှိသနည်းဟု မေးပါ။ ၎င်းတို့အား ချရေးစေပြီး စကားလုံးများကို ရေတွက်ခိုင်းပါ။" |
| အပတ်စဉ် 3 | ပုံပြင်တစ်ပုဒ်အားဖတ်ပြီး သင့်ကလေးအား "ပုံပြင်ထဲက လူက ဘယ်သူလဲဟု မေးပါ။ ဘာဖြစ်ခဲ့တာလဲ။ ဘာလို့ဖြစ်ခဲ့တာလဲ။" | သင့်ကလေးနှင့်အတူ "Riddle dee dee, riddle dee dee ကဗျာ ရွတ်ဆိုပါ။ သင့်နာမည်ရဲ့ အသံထွက်အရေအတွက်ကို ခုန်ပြီး ပြောပြနိုင်မလား။ ကလေးကို ရွတ်ဆိုခိုင်းပါ။ အခြားနာမည်များဖြင့် ထပ်မံပြုလုပ်ခိုင်းပါ။ | အက္ခရာ-သံများကို ရွတ်ဆိုခိုင်းပါ။ အသံနှင့် ကိုက်ညီသည့် အက္ခရာ သို့မဟုတ် အက္ခရာများကို ကလေးအား ရေးခိုင်းပါ။ | သင့်ကလေးအား သူနှစ်သက်သည့် စာအုပ်တစ်အုပ်အား ပြန်ဖတ်အောင် လှုံ့ဆော်ပေးပါ။ | သင့်ကလေးနှင့်အတူ အပတ်စဉ်တစ်က စကားလုံးများဖြင့် ဂိမ်းတစ်ခုပြုလုပ်ပါ။ သင့်ကလေးများအား တူညီချက်များနှင့် ကွဲပြားခြားနားချက်များကို စာရင်းပြုစုစေခြင်း သို့မဟုတ် ကာရန်အညီဆုံး စကားလုံးများကို ဘယ်သူက ရှာဖွေနိုင်သည်ကို ကြည့်ရှုပါ။ | သတ်မှတ်နေ့အတွက် ပုံသဏ္ဍာန်မှာ ဆဋ္ဌဂံပုံ ဖြစ်ပါသည်။ သင့်ကလေးအား ဆဋ္ဌဂံ ပုံတစ်ပုံကို ဆွဲခိုင်းပါ။ ယနေ့အတွက် ဆဋ္ဌဂံပုံများကို နေရာဘယ်လောက်များများတွင် တွေ့နိုင်သည်ကို လေ့လာပါ။ | သင့်ကလေးအား အချိန်နှင့်ပတ်သက်သည့် စာအုပ်တစ်အုပ် ပြုလုပ်ခိုင်းပါ။ ရက်တစ်ရက်၏အချိန် အမျိုးမျိုးကို ရေးစေပြီး အဆိုပါအချိန်များတွင် သင်ဘာလုပ် ပါသလဲ (ဥပမာ - နံနက် 7:00 နာရီ - ကျွန်ုပ်အိပ်ရာထပါသည်။) |
| အပတ်စဉ် 4 | သင့်ကလေးဖတ်သည့်အရာကို ပိုမိုနားလည်စေရန်အတွက် မေးခွန်းများကို ရှင်းလင်းအောင် မေးပါ။ စာမဖတ်ခင်၊ ဖတ်နေစဉ်နှင့် ဖတ်ပြီးစဉ်တွင် မေးခွန်းများ မေးပါ။ | သင့်ကလေးနှင့်အတူ "Riddle dee dee, riddle dee dee ကဗျာ ရွတ်ဆိုပါ။ ဒီကိန်းဂဏန်းများကို (လက်ချောင်းထောင်ပြီး) ပြောခိုင်းပါ။ ကလေးကို ရွတ်ဆိုခိုင်းပါ။ အခြားကိန်းဂဏန်းများကိုလည်း လက်ချောင်းများအသုံးပြုကာ မေးပါ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ X ဖြစ်ပါသည်။ "X" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ fox ကဲ့သို့သော /x/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | သင့်ကလေး ပုံပြင်တို ဖတ်သည့်အချိန်ကို မှတ်ထားပါ။ အချိန်များကို ဂရပ်ဆွဲထားပါ။ | သတ်မှတ်ထားသောလ၏ ကဗျာမှ စကားလုံးတစ်လုံးကို ရွေးချယ်ပါ။ သင့်ကလေးအား အဓိပ္ပါယ်ကို ပြောပြခိုင်းပါ။ | သင့်ကလေးအား အနုတ်ပုစ္ဆာများကို ပြသနိုင်ရန် ပုံဆွဲခြင်းအား ကူညီခိုင်းပါ။ (K အတွက် 10 အတွင်းဖြစ်ပြီး 1 တန်းအတွက် 20 အတွင်း)။ | သင့်ကလေးအား ကွက်လပ်များကို ဖြည့်ခိုင်းပါ။ နွေရာသီတွင်<br>ကျွန်ုပ်မြင်တွေ့သောအရာမှာ....<br>နွေရာသီတွင် ကျွန်ုပ်ခံစားရသောအရာမှာ....<br>နွေရာသီတွင် ကျွန်ုပ်နှစ်သက်သောအရာမှာ....<br>နွေရာသီတွင် ကျွန်ုပ်အနံ့ရသောအရာမှာ....<br>ကျွန်ုပ်ကြားရသောအရာမှာ.... |
| အပတ်စဉ် 5 | ပုံပြင်အား ပြန်ဖတ်ခြင်းနှင့် အချက်အလက်များကို အသုံးပြုပြီး သင့်ကလေးအား မေးခွန်းများမေးပါ။ | စကားလုံးတစ်လုံးကိုပြောပြီး ထိုစကားလုံး၏ အသံ အရေအတွက်ကို သင့်ကလေးအား ပြောခိုင်းပါ။ | စကားလုံးဂိမ်းတစ်ခုကို ဆော့ပါ - သင်က စကားလုံး၏နောက်ဆုံး အသံများကို ပြောင်းပြီး သင့်ကလေးအား အဆိုပါစကားလုံးများကို ပြောခိုင်းပါ။ ဥပမာ - flip မှ flop မှ flap မှ flag ။ | သင့်ကလေးအား စကားလုံးများကို မှန်ကန်စွာနှင့် မကျော်ဘဲ ဖတ်အောင် လှုံ့ဆော်ပေးပါ။ ၎င်းတို့၏အမှားများကို ထောက်ပြပြင်ဆင်ပေးပါ။ | သင့်ကလေးများအား အပြင်သို့ခေါ်ထုတ်ပြီး သင်တို့ တွေ့မြင်ရသော၊ အနံ့ရသော သို့မဟုတ် တွေ့ကြုံရသော တစ်စုံတစ်ခုနှင့်ပတ်သက်သည့် စကားလုံး အသစ်တစ်လုံးကို သူတို့နှင့် မိတ်ဆက်ပေးပါ။ | သင့်ကလေးအား ပေါင်းခြင်းနှင့် နုတ်ခြင်းအကြောင်း မေးပါ။ ၎င်းကို အခြားနည်းလမ်းတစ်ခုဖြင့် မည်သို့ဖြေရှင်းမည်ဆိုသည်ကို မေးပါ။ လိုအပ်ပါက အရာဝတ္ထုများကို သုံးပါ။ | သင့်ကလေးနှင့်အတူ ရယ်စရာ ကောင်းသော အကြောင်းအရာများကို စာရင်းတစ်ခု ပြုလုပ်ခိုင်းပြီး ယနေ့အတွက် ၎င်းတို့ ထဲမှ တစ်ခုကိုရွေးပြီး အတူလုပ်ဆောင်ပါ။ |

ဒေသတွင်း အရင်းအမြစ် - Impression 5 သိပ္ပံစင်တာသည် ကလေးများ၏ သိပ္ပံပညာရပ်နှင့် သင်္ချာပညာရပ်တို့ကို ထောက်ပံ့ကူညီပေးသည့် အပြန်အလှန်ဆောင်ရွက်တတ်သော ဒေသတွင်း အဖွဲ့အစည်းဖြစ်ပါသည်။ ရေ၏ဂုဏ်သတ္တိများကို စူးစမ်းရှာဖွေပါ၊ လူဝင်ဆော့ရသည့် ဘောလုံးများလုပ်ပြီး အခြားတီထွင်ဖန်တီးထားသည့် အရာများကိုလည်း ဆောင်ရွက်ပါ။ နွေရာသီ အစီအစဉ်များနှင့် ပြပွဲများစာရင်းကို သိရှိနိုင်ရန် https://impression5.org/ တွင် ဝင်ရောက် လေ့လာပါ။

# အပြင်တွင်ဆော့ကစားခြင်းသည် ပျော်စရာကောင်းပါသည်



အပြင်တွင် ဆော့ကစားခြင်းသည် ကလေးတစ်ယောက်အား — လွတ်လပ်မှုနှင့် အံ့ဩမှုကို ခံစားစေနိုင်သည်ကို သတိရပါ။ သင်၏ ပြင်ပနေရာသည် ကလေးများ ဘာသာစကား၊ အက္ခရာများနှင့် စကားလုံးများ ကို စမ်းသပ်နိုင်သည့် သင်ယူ လေ့လာအားကောင်းသည့် ပတ်ဝန်းကျင်တစ်ခု ဖြစ်ရပါမည်။ ပြင်ပနေရာက သင်တွေ့မြင်ရသော၊ ကြားရသော အကြောင်းအရာအသစ်များကို ပြောပြပါ— ငှက်များ၊ ရှည့်များ၊ တိမ်များ၊ တုတ်ချောင်းများနှင့် ကျောက်ခဲများ။

စာသင်ခန်းအားလုံး နံရံလေးခု ရှိမနေပါ။

Rhyme/Song of the month: Mary Had a Little Lamb
Mary had a little lamb,
Its fleece was white as snow.
And everywhere that Mary went,
The lamb was sure to go.
It followed her to school one day,
Which was against the rules.
It made the children laugh and play
To see a lamb at school.

လေ့ကျင့်ခန်းများ
Snow နှင့် go စကားလုံးများတွင် မည်သည့်အက္ခရာက /o/ အသံဖြစ်ပေါ်စေသနည်း။
သူတို့ကွာခြားချက်က ဘာလဲ။
"sn-"နှင့်စသည့် စကားလုံးကို ဖော်ပြပါ။ ၎င်းနှင့်အစပြုသော အခြားစကားလုံးများကို ဖော်ပြပါ။
သင်နှစ်သက်သော တိရိစ္ဆာန်နှင့် သင့်အမည်အား အစားသွင်းပြီး ကဗျာကို အသစ် ပြန်ရေးပါ။

# ဩဂုတ်

အပြင်ထွက်ဆော့ကစားခြင်းကို အခြေခံထားသော ပညာရေးဆိုင်ရာ ဖော်ပြချက်များကို ကြည့်ရှုနိုင်ရန်အတွက် PBS မိဘများ အစီအစဉ်ကို သင့်ကလေးနှင့်အတူ ရှာဖွေ လေ့လာလိုက်ပါ - The Ruff Ruffman Show, http://www.pbs.org/parents/ruff/home/။

| | တနင်္ဂနွေ (နားလည်နိုင်စွမ်း) | တနင်္လာ (အသံထွက်ပိုင်းတတ်သိနားလည်မှု) | အင်္ဂါ (အက္ခရာများကို ကိုယ်စားပြုသည့် အသံထွက်များကို ဖတ်တတ်ခြင်း) | ဗုဒ္ဓဟူး (ကျွမ်းကျင်မှု) | ကြာသပတေး (ဝေါဟာရ/ စကားလုံးလေ့လာခြင်း) | သောကြာ (အစောပိုင်းကာလ အတွက်အချက်) | စနေ (စာရေးသားခြင်း) |
|---|---|---|---|---|---|---|---|
| အပတ်စဉ် 1 | သင့်ကလေးအား ပုံပြင်၏ အဓိက အချက်များကို ထောက်ပံ့ပေးထားသည့် အကြောင်း အရာများနှင့် အသေးစိတ်အချက်များကို ပြောပြပါ။ | သင့်ကလေးအား စာအုပ်တစ်အုပ်ကို ရွေးချယ်ခိုင်းပြီး အပြင်ထွက်ခါ အိမ်နီးချင်း တစ်ယောက်နှင့်အတူ ဖတ်ခိုင်းပါ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ Y ဖြစ်ပါသည်။ "Y" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ yard ကဲ့သို့သော /y/ သံဖြင့် စသည့် စကားလုံးများကို ရေးပါ။ | သင့်ကလေးအား သူတို့၏ မိသားစုဝင်များ၊ အတန်းဖော်များနှင့် သူငယ်ချင်းများ၏ အမည်များကို ဖတ်သည့် အလေ့အကျင့်အား ပြုလုပ်ပေးပါ။ | သင့်ကလေးအား စကားလုံးအသစ်များနှင့် မိတ်ဆက်ပေးပါ - ပိုးမွှားများ ရှဉ့်များ တိမ်များ တုတ်ချောင်းများ ကျောက်ခဲများ | သတ်မှတ်ရက်အတွက် ကိန်းဂဏန်းများမှာ 40 နှင့် 50 ဖြစ်ပါသည်။ သင့်ကလေးအား အဆိုပါ ကိန်းဂဏန်းများ ရေဆွဲခြင်းကို လေ့ကျင့်ပေးပါ။ ယနေ့အတွက် အဆိုပါကိန်းဂဏန်းများကို နေရာဘယ်လောက်များများတွင် ရှာတွေ့နိုင်သည်ကို မှတ်သားပါ။ | သင့်ကလေးနှင့်အတူ ပိုးမွှားများကို ရှာဖွေပါ။ ဘယ်လို ပိုးမွှားအမျိုးအစားများကို တွေ့ပါသလဲ။ သင်တို့တွေ့ရသော ပိုးမွှားအကြောင်း ရေးပါ။ |
| အပတ်စဉ် 2 | စာဖတ်သူများသည် သူတို့ပုံပြင်တစ်ပုဒ်ကို ဖတ်သည့်အခါ သူတို့၏စိတ်တွင် ပုံရိပ်တစ်ခုကို ဖန်တီးတတ်ကြောင်း ရှင်းပြပါ။ | သင့်ကလေးနှင့်အတူ ပန်းခြံသို့သွားပြီး အသံများ ကို အသုံးပြုကာ "I Spy" ကစားပါ။ (ဥပမာ - "ကျွန်တော်သည် /d/, /o/, /g/" စသည့်အသံများရှိသည့် တစ်စုံတစ်ခုကို ရှာဖွေနေပါသည်။ သင့်ကလေးကိုလည်း ထိုအတိုင်း ပြုလုပ်ခိုင်းပါ။) | သင့်ကလေးအား hike နှင့် ကာရန်ညီသော စကားလုံးများကို တွေးခိုင်းပါ။ စကားလုံးများကို အတူရေးပါ။ သူတို့အားလုံး၏ စာလုံးပေါင်းများ တူပါသလား။ | ABCs ကိုကြည့်ပြီး တစ်မိနစ် အတွင်း သင့်ကလေးက အသံမည်မျှပြောနိုင်သည်ကို လေ့လာပါ။ ကလေးများအား အမြန်ဆုံး ပြောဆိုနိုင်သည်အထိ ပြောခိုင်းပါ။ | သင့်ကလေးအား ရုပ်ပုံတစ်ခု သို့မဟုတ် ဓာတ်ပုံတစ်ခုအကြောင်း ပြောပြပါ။ | သင့်ကလေးအား သစ်ပင်နှစ်ပင်၏အကွာ အဝေးကို ကြိုးဖြင့် တိုင်းခိုင်းပါ။ "ဘယ်သစ်ပင်က ပိုကြီးသလဲဆိုတာကို မေးပါ။ ဘယ်အပင်က ပိုသေးသလဲ။" | သင့်ကလေးအား ရေပေါ်တွင် အက္ခရာများ ရေးသားခြင်းကို လေ့ကျင့်ခိုင်းပြီး လူသွား လမ်းတစ်လျှောက်မှာ ဆေးသုတ်ခိုင်းပါ။ |
| အပတ်စဉ် 3 | သင့်ကလေးများအား ၎င်းတို့၏ခံစားမှုများကို အသုံးပြုပြီး ပုံပြင်ကို ရှုမြင်ခိုင်းပါ။ ဘာတွေဖြစ် နေသလဲဆိုတာကို ကြည့်ပါ၊ အနံ့အသက်များကို အနံ့ခံပါ၊ အသံများကို နားစွင့်ပါ။ | သင့်ကလေးအား တိတ်ဆိတ်နေသည့်အခါ ကလေးတေးကဗျာတစ်ပုဒ်ကို တိုးတိုးလေးရွတ်ဆိုပြီး သင့်ကလေးအား အတူသီဆိုရန် ဖိတ်ခေါ်ပါ။ | သတ်မှတ်နေ့ရက်အတွက် အက္ခရာမှာ Z ဖြစ်ပါသည်။ "Z" ကို အတူတကွ သရုပ်ဖော်/ရေးဆွဲပါ။ Zebra ကဲ့သို့သော /z/ သံဖြင့် စသည့် စကားလုံးများ ကို လူသွားလမ်းမှာ ရေးဆွဲရသည့် မြေဖြူများဖြင့် ရေးသားခိုင်းပါ။ | သင့်ကလေးနှင့်အတူ အပြင်ထွက်ပြီးစူးစမ်းလေ့လာ ရသော စာအုပ်များ နှင့် သစ်ပင်များအောက်ရှိ သဘာဝတရားအကြောင်း ရေးသားထားသည့် စာအုပ်များကို ပြန်ဖတ်ပါ။ | သင့်ကလေးနှင့်အတူ အက္ခရာ ဂိမ်းတစ်ခုကို ဆော့ပါ။ အရွယ်ရောက်ပြီး သူများက အက္ခရာတစ်လုံး ကို အော်သည့်အခါ ကလေးကို ထိုအက္ခရာနှင့်စသည့် စကားလုံး တစ်လုံးအား ပြောခိုင်းပါ။ | သတ်မှတ်နေ့အတွက် ပုံသဏ္ဌာန်မှာ အဌဂံပုံ ဖြစ်ပါသည်။ သင့်ကလေးအား အဌဂံ ပုံတစ်ပုံကို ဆွဲခိုင်းပါ။ ယနေ့အတွက် အဌဂံ ပုံများကို နေရာဘယ်လောက်များများတွင် တွေ့နိုင်သည်ကို လေ့လာပါ။ | သင့်ကလေးနှင့်အတူ အပြင် ထွက်ပြီး မျက်လုံးများကို မှိတ်ထားပါ။ အသံအမျိုးမျိုးကို နားထောင်ပါ။ သင်ကြားသည့် အရာအားလုံးကို စာရင်းပြု လုပ်ထားပါ။ |
| အပတ်စဉ် 4 | သင့်ကလေးများအား ၎င်းတို့၏မျက်လုံးများကို မှိတ်ထားခိုင်းပြီး သင်ဖတ်ပြနေသည့် ပုံပြင်အား စိတ်ကူးဖြင့် ပုံဖော်ခိုင်းပါ။ | အပြင်ထွက်ပြီး နားထောင် မှုစွမ်းရည် လေ့ကျင့်ပါ။ သင့်ကလေးအား အက္ခရာတစ်လုံးကို ရွေးစေပြီး အဆိုပါအသံနှင့် စ/ဆုံးသည့် အရာဝတ္ထုများကို ရှာဖွေခိုင်းပါ။ ဥပမာ - /k/ kitten, rock။ | သင့်ကလေးနှင့်အတူ အက္ခရာကတ်များကို အသုံးပြုပြီး "Memory" သို့မဟုတ် "Go Fish" ကစားပါ။ | သင့်ကလေးအား စာရွက် ကတ်များပေါ်တွင် အက္ခရာများကို ရေးအောင် ကူညီပေးပါ။ အဆိုပါအသံနှင့် "စသော" တစ်စုံတစ်ရာ၏ဘေးတွင် ထားခိုင်းပါ။ B - book, C - coffee, L - lamp | သင့်ကလေးနှင့်အတူ သတ်မှတ်လ၏ ကဗျာ (Mary Had a Little Lamb) မှ စကားလုံးတစ်လုံး ရွေးချယ်ခိုင်းပါ။ သင့်ကလေးအား အဓိပ္ပါယ်ကို ပြောပြခိုင်းပါ။ | သင့်ကလေးနှင့်အတူ လူသွားလမ်းဘေး သို့မဟုတ် ကားလမ်းဘေးတွင် ကိန်းဂဏန်းများကို ရေးခိုင်းပါ။ ကိန်းတစ်ခုကို သင်ကပြောပြီး သင့်ကလေးအား အဆိုပါကိန်းရှိသည့်နေရာသို့ ပြေးခိုင်းပါ သို့မဟုတ် မူလကိန်းကို နောက်ထပ် ကိန်းနှစ်ခု ထပ်ပေါင်းခိုင်းပါ။ | သင့်ကလေးနှင့်အတူ တိမ်များ၏ပုံသဏ္ဌာန်နှင့် ဒီဇိုင်းများကို ရှာဖွေပါ။ ၎င်းအကြောင်းကို ရေးခိုင်းပါ။ |
| အပတ်စဉ် 5 | သင့်ကလေးအား မှန်ကန် မှုရှိလာသည်အထိ ဝါကျတစ်ကြောင်း သို့မဟုတ် ပုံပြင်တစ်ပုဒ်ကို ပြန်ဖတ်ခိုင်းပါ။ သူတို့နားလည်မှုကို စစ်ဆေးရန်အတွက် မေးခွန်းများကို မေးပါ။ | "အသံများကို ရွတ်ဆိုသည့် အခါ ခုန်ခိုင်းပါ။" ကလေးကို စကားလုံးတစ်လုံးကို ပြောပြီး သင့်ကလေးအား အဆိုပါစကားလုံးရှိ အသံတစ်ခုဆီကို ခုန်ပြီး ပြောခိုင်းပါ။ ဥပမာ - fish ဖြစ်ပါက /f//i// sh/ ဟု 3 ကြိမ် ခုန်ခိုင်းပါ။ | သင့်ကလေးအား မလိုင် သို့မဟုတ် ပူတင်းတို့တွင် အက္ခရာများ ရေးဆွဲခြင်းကို လေ့ကျင့်ပေးပါ။ | ABCs ကိုကြည့်ပြီး တစ်မိနစ် အတွင်း သင့်ကလေးက အသံမည်မျှပြောနိုင်သည်ကို လေ့လာပါ။ ကလေးများအား အမြန်ဆုံး ပြောဆိုနိုင်သည်အထိ ပြောခိုင်းပါ။ | သင့်ကလေးများအား အပြင်သို့ခေါ်ထုတ်ပြီး သင်တို့ တွေ့မြင်ရသော၊ အနံ့ရသော သို့မဟုတ် တွေ့ကြုံရသော တစ်စုံတစ်ခုနှင့်ပတ်သက်သည့် စကားလုံးအသစ်တစ်လုံးကို သူတို့နှင့်မိတ်ဆက်ပေးပါ။ | သင့်ကလေးနှင့်အတူ scavenger (လင်းတကဲ့ သို့သော အကြွင်းအကျန်စား ငှက်များ) များအား ရှာဖွေ ပြီး အုပ်စုလိုက် အရေအတွက်ကို သိရှိရန်လုပ်ပါ။ မတူညီသော အရေအတွက်ဖြင့် ရေတွက်ပါ။ ထိုနေရာတွင်ရှိသော အရာများကို ရေတွက်ပါ။ | သင့်ကလေးအား ကတ်တစ်ခုပြုလုပ်ခိုင်းပြီး ၎င်းအား အရေးသည့် ပုဂ္ဂိုလ်တစ်ဦးထံ ပေးခိုင်းပါ။ |

ဒေသတွင်း အရင်းအမြစ် - ဆော့ကစားခြင်းသည် ကလေးများ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် သင်ယူလေ့လာမှုတို့အတွက် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ Ingham ကောင်တီတွင် မိသားစုများအတွက် ကလေးများနှင့်အတူ ဆော့ကစားခြင်းနှင့် စူးစမ်းလေ့လာခြင်း ဆိုင်ရာ လှုပ်ရှားမှုများလုပ်ဆောင်ရန် အဆင်ပြေစေသည့် နေရာများစွာ ရှိပါသည်။ ၎င်းတို့ထဲမှ အတော်များများသည် အခမဲ့ဖြစ်ပါသည်။ လက်ရှိ အစီအစဉ်စာရင်းကို သိရှိနိုင်ရန် http://www.cadl.org/events တွင် ဝင်ရောက်လေ့လာပါ။ သင့်အနေဖြင့် လက်ရှိလှုပ်ရှားဆောင်ရွက်မှုများပါ စာရင်းကို http://www.wkar.org/community တွင်လည်း ဝင်ရောက်လေ့လာနိုင်ပါသည်။

# တိုးတက်လာသော စာဖတ်သူတစ်ဦး၏ တတိယလမ်းညွှန်မှုခရီး

## စာဖတ်သူတစ်ဦး၏ ထူးခြားသည့် သမိုင်းမှတ်တိုင်များ

**6 လ**

"na-na, ga-ga" စသဖြင့် စကားကို တုပပြောဆိုပါ။

ရိုးရှင်းသော ရုပ်ပုံများပါသည့် စာအုပ်များကို ဖတ်ရှုပါ။

Talk, talk, talk။

မျက်နှာများ၊ တိရိစ္ဆာန်များ၊ အရာဝတ္ထုများပါဝင်သည့် စာအုပ်များကို ဖတ်ပါ။

**1 နှစ်။**

ရိုးရှင်းသော စကားစုများစွာကို နားလည်အောင်ပြုလုပ်ပါ။

1 လုံး သို့မဟုတ် တစ်လုံးထက်ပိုသော စကားလုံးများ ရှိရမည်။ lift-the-flap (ပုံစံငယ်ရုပ်ပုံများပါသည့် စာအုပ်) စာအုပ်များကို ဖတ်ရှုပါ။

တွန်းလှည်း တွန်းနေချိန်တွင် "စကားစမြည်" ပြောဆိုပါ။

အပြန်အလှန်ပြောဆိုရသည့် စာအုပ်များကို ဖတ်ပါ။

**2 နှစ်။**

စာလုံးရေ 250-350 ထိ ရှိရမည်။

စာအုပ်များကို မြှောက်ကိုင်ထားပြီး ရုပ်ပုံများကို ကြည့်ပါ။

ကလေးတေးကဗျာများကို ဖတ်ခြင်းနှင့် ရွတ်ဆိုခြင်းများ ပြုလုပ်ပါ။

စာအုပ်များကို ရှာရန် စာကြည့်တိုက်သို့ အတူသွားပါ။

**3 နှစ်။**

စာလုံးရေ 800-1000 ထိ ရှိရမည်။ တေးကဗျာများကို ထပ်ခါထပ်ခါ သီဆိုပေးပါ။

သင်ဖတ်ပြသော ရုပ်ပုံများနှင့် စကားလုံးများကို ညွှန်ပြပါ။ ကာရန်ညီရသော ဂိမ်းများကို ကစားပါ။

**4 နှစ်။**

ဝါကျရှည်များကို လွယ်ကူစွာအသုံးပြုတတ်အောင် ပြုလုပ်ပါ။

ကာရန်များကို စတင်ပြီး စကားလုံးများဖြင့် ကစားပါ။

သင်စာဖတ်နေစဉ် စကားလုံးအသစ်အနည်းငယ်ကို အာရုံစိုက်ပါ။ အဆိုပါစကားလုံးများကို အခြားအခြေအနေများဖြင့် ထပ်ဆိုပါ။

**5 နှစ်။**

စာလုံးရေ 3000-5000 ထိ ရှိရမည်။

အသံများနှင့် အက္ခရာများကို ယှဉ်တွဲပါ။

ရှုပ်ထွေးပြီး ရောနှောထားသော ဝါကျများကို အသုံးပြုပါ။

သင်္ကေတများ၏ အက္ခရာများကို စိတ်ဝင်စားလာအောင် ပြုလုပ်ပါ။ အက္ခရာများ၏ အသံအကြောင်း ပြောဆိုပါ ("Mom နှင့် milk စာလုံးနှစ်လုံးတွင် အစတွင်"mmm" သံများ ရှိပါသည်")။

**6 နှစ်။**

စာမျက်နှာပေါ်က စကားလုံးများကို စတင်ဖတ်ပါ။

စာဖတ်နေစဉ်တွင် ဇာတ်လမ်း၊ ရုပ်ပုံများနှင့် စာသားများကို အသုံးပြုပြီး ခန့်မှန်းမှုများ ပြုလုပ်ပါ။

စိတ်ကူးယဉ်ဖန်တီးထားသော၊ အမှန်တကယ်ဖြစ်သော စာအုပ်များနှင့် မဂ္ဂဇင်းများကို လက်လှမ်းမီအောင် ထားရှိပါ။

ပြတိုက်များနှင့် စာကြည့်တိုက်များသို့ သွားရောက် လည်ပတ်ပါ။

**7 နှစ်။**

စကားလုံးများကို အလိုအလျောက် ဖတ်ရှုပါ။ နားထောင်ခြင်းနှင့် စာဖတ်ခြင်းတို့မှတစ်ဆင့် ဗဟုသုတ သိုမီးပါ။

စာဖတ်ခြင်းကို တိုးတက်လာစေရန်အတွက် အချိန်ကန့်သတ်ပြီး ဖတ်ပါ။

လွယ်ကူသည့် စာအုပ်များအား ဖတ်ခြင်း၊ ပြန်လည်ဖတ်ရှုခြင်းဖြင့် တိုးတက်လာ အောင်ပြုလုပ်ပါ။

**8–9 နှစ်။**

အခန်းလိုက်ဖြစ်သော စာအုပ်များကို ဖတ်ပါ။ တစ်နှစ်တွင် ခန့်မှန်းစာလုံးရေ 3,000 ခန့် သင်ယူပြီး ဖြစ်ပါသည်။

သင့်ကလေးအား ပုံမှန်အိပ်ရာဝင်ချိန်တွင် အကြောင်းအရာတစ်ခုအား မိမိဘာသာ ဖတ်ရှုတတ်အောင် ကူညီပေးပါ။

## အရွယ်ရောက်ပြီးသူများက ကလေးများ၏ ဘာသာစကားနှင့်စာဖတ်ခြင်းကို ထောက်ပံ့ပေးနိုင်မည့် နည်းလမ်းများ

ကလေးများ၏ဗဟုသုတ ကြွယ်ဝစေရန်အတွက် စကားပြောဆိုခြင်းနှင့် စာဖတ်ခြင်း အလေ့အကျင့်ကို ငယ်စဉ်ကတည်းက ပျိုးထောင်ပေးပါ။ သီချင်းသီဆိုခြင်းနှင့် ဂိမ်းကစားခြင်းများ ပြုလုပ်ပေးပါ။ ကလေးများ၏ ဘာသာစကားတိုးတက်မှုကို မြှင့်တင်ပေးနိုင်ရန် သူတို့ဘာပြောသည် ဆိုတာကို ဂရုတစိုက်နားထောင်ပေးပါ၊ ထို့နောက် ၎င်းတို့အား သင် ဘက်စ်ကားပေါ်မှာ ဘာဖြစ်ခဲ့တယ်၊ ဘာသတင်းကို တွေ့လိုက်တယ်၊ ရေဒီယို—က ဘာအကြောင်း ကြားတယ် စသည့် သင့်ကိုယ်ပိုင် အဖြစ်အပျက်များ—ကို ပြောပြပေးပြီး ၎င်းတို့ကိုလည်း ထိုသို့ ပြန်ပြီးပြောဆိုလာအောင် တွန်းအားပေးပါ။ ပုံမှန် စာဖတ်ချိန်ထားရှိပေးပါ။ ကလေးများသည် ရိုးရှင်းသောပုံများပါဝင်သည့် စာအုပ်များကို ကြည့်ရှုပြီး ပြောဆိုရခြင်းကို နှစ်သက်ကြပါသည်။ လမ်းလျှောက်တတ်စအရွယ် ကလေးများအနေဖြင့် စာအုပ်ပေါ်ရှိ ကိုင်တွယ်နိုင်ရန် ကပ်ထည့်ထားသော ရုပ်ပုံများကို ကြည့်ရှုခြင်း၊ ပုံသဏ္ဍာန်များကို ခံစားကြည့်ခြင်းနှင့် တေးသီချင်းများကို နားထောင်ခြင်းကို နှစ်သက်ကြပါသည်။ အသက် 4-9 နှစ်အရွယ်ရှိ ကလေးများအနေဖြင့် ပုံပြင်ရှည်များနှင့် ၎င်းတို့နှစ်သက်သည့် ပုံပြင်များနှင့် စိတ်ကူးယဉ်ဖန်တီးထားခြင်းမရှိသည့် စာအုပ်များကို ပြန်လည် ဖတ်ရှုခြင်းကို သဘောကျနှစ်သက်ကြပါသည်။ အခန်းဆက်စာအုပ်များတွင် ဖတ်ရန် အမှတ်အသားပြုလုပ်ပါ—နားထောင်ခြင်းသည် ကလေးများအတွက် ပထမဆုံး အရာဖြစ်ပါသည် သို့သော် လေ့ကျင့်ပေးခြင်းဖြင့် လွယ် ကူအောင် ပြုလုပ်ပါ။ ကလေးများအနေဖြင့် ၎င်းတို့ဖတ်ရှုရန် မတတ်နိုင်သေးသည့် ကျော်ကြားသော ပုံပြင်များကို နားထောင်ရခြင်းသည် ၎င်းတို့၏ဘာသာစကား တိုးတက်မှုအတွက် အရေးပါပါသည်။ ပြုစုစောင့်ရှောက်သူများနှင့် ကလေးများ အတူတကွ စာဖတ်ခြင်းသည်လည်း ပျော်ရွှင်ဖွယ်ကောင်းပါသည်။

အရင်းအမြစ် - Lesaux, N., "စာမျက်နှာကို ဖွင့်ပါ - 2010 ခုနှစ်၊ ကလေးများအတွက် မန်ဆာချူးဆက် စာဖတ်ခြင်း အောင်မြင်မှုဆိုင်ရာ နည်းဗျူဟာများကို ကြည့်ရှုပါ။



# သိရှိရန်လိုအပ်သည့် အချို့သော အထောက်အကူဖြစ်စည်းမျဥ်းစည်းကမ်းများ

ကလေးစောင့်ရှောက်သူများနှင့် ဆရာ/ဆရာမများအနေဖြင့် သင့်ကလေးအား စာဖတ်ခြင်းကို မည်သို့ လေ့လာမည်ကို သင်ပြသည့်အချိန်တွင် အောက်ဖော်ပြပါ စည်းမျဥ်းစည်းကမ်း အချို့ကို လိုက်နာရန် လိုအပ်ပါသည်။ အဆိုပါ စည်းမျဥ်းစည်းကမ်းအတော်များများကို ယခုပြက္ခဒိန်တွင် အသုံးပြုထားသည်ကို တွေ့ရှိမည်ဖြစ်ပါသည်။

- အက္ခရာ ဗဟုသုတ — အက္ခရာများ၏ အမည်များနှင့်ပုံသဏ္ဍာန်များကို သိရှိခြင်း။
- စာအုပ်ကြီးများ — ကလေးများအားအတွက် ထုတ်ဝေနိုင်သော၊ ဖော်ပြပေးနိုင်သော အလွန်ကြီးသည့် စာအုပ်များ။
- ရောနှောခြင်း — စကားလုံးများကို ပြောဆိုနိုင်ရန်အတွက် အသံများကို အတူတကွ ယှဥ်တွဲထားရှိခြင်း။
- စာလုံးပေါင်းဖွံ့ဖြိုးတိုးတက်ရေး — စကားလုံးများ ရေးသားနိုင်ရန်အတွက် အက္ခရာ-အသံ ဆက်နွယ်မှု သတင်းအချက် အလက်များအသုံးပြုခြင်း။
- စာအရေးအဖတ် တိုးတက်လာမှု — စာအရေးအဖတ် သင်ကြားမှုသည် မွေးကတည်းက စတင်ခြင်းဖြစ်ပြီး အဓိပ္ပါယ်ပြည့်ဝသော စာဖတ်ခြင်းနှင့် စာရေးခြင်း အလေ့ အကျင့်များကို အရွယ်ရောက်သူများက ပါဝင်ဆောင်ရွက်ပေးခြင်းဖြင့် တိုးတက်လာအောင် ဆောင်ရွက်နိုင် မည်ဖြစ်ပါသည်။
- အမှတ်အသားပြုလုပ်ခြင်း — သင်္ကေတများ၊ ဆိုင်းဘုတ်များ၊ အညွှန်းများနှင့် စီးပွားရေး အမှတ်တံဆိပ်စသည့် အမှတ်အသားများသည်လည်း နေ့စဥ်ဘဝ၏အစိတ် အပိုင်းတစ်ခု ဖြစ်ပါသည်။
- စာရေးသားခြင်းအား စမ်းသတ်ခြင်း — ကလေးများအနေဖြင့် ဖန်တီးထားသော အက္ခရာများနှင့် အမှန်တကယ်အက္ခရာများဖြင့် စာရေးသားခြင်းအပြင် စာရွက်ပေါ်တွင် ရေးခြစ်ခြင်းများနှင့် အမှတ်အသားများ ပြုလုပ်ခြင်းတို့ဖြင့် စမ်းသတ်မှုပြုလုပ်ရသည်ကို နှစ်သက်ကြပါသည်။
- စာလုံးပေါင်း တီထွင်ခြင်း — စာလုံးပေါင်းခြင်း တိုးတက်လာမှုကို ကြည့်ပါ။
- စာအရေးအဖတ် — စကားပြောဆိုခြင်း၊ နားထောင်ခြင်း၊ စာဖတ်ခြင်း၊ စာရေး သားခြင်းဆိုင်ရာ လှုပ်ရှားမှုများအားလုံး ပါဝင်စေပြီး အပြောနှင့်အရေး ဘာသာစကားမှတ်မိနားလည်စေခြင်း။
- phonemes (သံရင်း) — စကားလုံးများဖွဲ့စည်းရန် ဆက်သွယ်ပေးသည့် အပြောဘာသာစကား၏ အသေးငယ်ဆုံးသော အစိတ်အပိုင်း။ ဥပမာ - hit ဆိုသည့် စကားလုံးကို သံရင်းသုံးခုဖြစ်သည့် (/h/ /i/ /t/) တို့ဖြင့် ဖွဲ့စည်းထားပြီး pit၊ hip နှင့် hot စသည့် သံရင်းတစ်ခုချင်းစီက ပြောင်းလဲ လာခြင်း ဖြစ်ပါသည်။
- အသံထွက်ပိုင်း တတ်သိနားလည်မှု—အပြောဘာသာစကားတွင် အသံတစ်ခုချင်းစီကို သတိပြုနိုင်ပြီး အလုပ်လုပ်နိုင်သည့် စွမ်းရည်။
- စကားသံလေ့လာမှုဆိုင်တာ တတ်သိနားလည်မှု —အပြောဘာသာစကားကို အသံတစ်ခုချင်း စီဖြင့် သို့မဟုတ် သီးခြားစီဖြင့် ဖွဲ့စည်းထားခြင်းကို နားလည်သဘောပေါက်ခြင်း။ သံရင်း၊ စကားသံလေ့လာမှုဆိုင်ရာ တတ်သိနားလည်မှု ဆောင်ရွက်ချက်များသည် ကာရန်များ၊ စကားလုံးများ၊ ဝါကျများနှင့် အသံထွက်များနှင့်အတူ ပါဝင်နိုင်ပါသည်။
- ဟန်ဆောင် စာဖတ်ခြင်း — ကလေးများသည် စာဖတ်ခြင်းအား သင်ယူမှု မပြုလုပ်ခင် စာအုပ်တစ်အုပ်အား "ဖတ်ရန်" ကြိုးပမ်းအားထုတ်လေ့ရှိပါသည်။ အများအားဖြင့် ကလေးများသည် ၎င်းတို့ မှတ်မိရင်းနှီးပြီးဖြစ်သော စာအုပ်တစ်အုပ်အား ဖတ်လိုကြ ပါသည်။
- ပုံနှိပ်စကားလုံးများအား တတ်သိနားလည်မှု —ပုံနှိပ်စကားလုံးများနှင့် စာအုပ်များကို သိရှိပြီး အသုံးဝင်ပုံကို နားလည်ခြင်း။
- အစိတ်အပိုင်းများဖြတ်ခြင်း — အပြောစကားလုံးများကို အသံအလိုက် ပိုင်းဖြတ်တတ်ခြင်း။
- အပြောဘာသာစကား — ပြောဆိုခြင်းနှင့်နားထောင်ခြင်းတွင် အသုံးပြုသော ဘာသာစကား။ ဘာသာစကားရေးသားခြင်းနှင့် ဆန့်ကျင့်ဘက်ဖြစ်ပြီး ၎င်းကို အရေးနှင့်အဖတ် ဘာသာစကားတွင်သာ အသုံးပြုပါသည်။
- သရသံ—သရတစ်ခုပါဝင်သည့် စကားလုံးအစိတ်အပိုင်းတစ်ခု သို့မဟုတ် အပြောဘာသာ စကားတွင်ရှိသည့် သရသံတစ်ခု (e-vent, news-pa-per, pret-ty)
- ဝေါဟာရ — ထိရောက်စွာ ဆက်သွယ်နိုင်ရန် သိရှိထားရမည့် စကားလုံးများ။ အပြောဝေါဟာရ များသည် ကျွန်ုပ်တို့ စကားပြောဆိုသည့်အခါ သုံးသော သို့မဟုတ် နားထောင်သည့်အခါ မှတ်ထားသော စကားလုံးများကို ရည်ညွှန်းပါသည်။ အဖတ်ဝေါဟာရသည် ပုံနှိပ်ထားသော စကားလုံးများကို မှတ်သားသည့်အခါ သို့မဟုတ် အသုံးပြုသည့်စကားလုံးများ ဖြစ်ပါသည်။

# နေ့စဉ် အိမ်၌ မိနစ် 20 ခန့် ဘာကြောင့် စာဖတ်သင့်သနည်း။

ကျောင်းသား "A" က ဖတ်သည် -

☐ 20 မိနစ် တစ်ရက်လျှင်
= 3,600 မိနစ် ပညာသင်နှစ်တစ်ခုလျှင်
= 1,800,000 စကားလုံး တစ်နှစ်လျှင်
အရည်အချင်းစစ်ဆေးမှုများတွင် 90 ရာခိုင်နှုန်းထိ အောင်မြင်နိုင်သည်

ကျောင်းသား "B" က ဖတ်သည် -

☐ 5 မိနစ် တစ်ရက်လျှင်
= 900 မိနစ် စာသင်နှစ်တစ်ခုလျှင်
= 282,000 စကားလုံး တစ်နှစ်လျှင်
အရည်အချင်းစစ်ဆေးမှုများတွင် 50 ရာခိုင်နှုန်းထိ အောင်မြင်နိုင်သည်

ကျောင်းသား "C" က ဖတ်သည် -

☐ 1 မိနစ် တစ်ရက်လျှင်
= 180 မိနစ် စာသင်နှစ်တစ်နှစ်လျှင်
= 8,000 စကားလုံး တစ်နှစ်လျှင်
အရည်အချင်းစစ်ဆေးမှုများတွင် 10 ရာခိုင်နှုန်းထိ အောင်မြင်နိုင်သည်

သူငယ်တန်း ကျောင်းသားတစ်ဦးသည် တစ်ညလျှင် မိနစ် 20 ခန့် စာဖတ်ပါက 6th တန်းပြီးလျှင် ကျောင်းသား A အနေဖြင့် ကျောင်းတက်ရက် 60 ရက်ခန့် စာဖတ်ခြင်းနှင့် ကိုက်ညီပါသည်၊ ကျောင်းသား B အနေဖြင့် ကျောင်းတက်ရက် 12 ရက်ခန့် စာဖတ်ခြင်းနှင့် ကိုက်ညီပြီး ကျောင်းသား C အနေဖြင့် ကျောင်းတက်ရက် 3 ရက်နှင့် စာဖတ်ခြင်းနှင့် ကိုက်ညီပါသည်။ အဆိုပါ စာဖတ်သည့် အတွေ့အကြုံကွာဟမှုက ဝေါဟာရကြွယ်ဝမှုကို အချိန်နှင့်အညီ အကျိုးသက်ရောက်စေမည်ဖြစ်ပါသည်။

စာဖတ်တော်သူ တစ်ယောက် ဖြစ်ချင်ပါသလား။ ဤသို့ လုပ်ဆောင်ပါ

| R | E | A | D |
|---|---|---|---|
| စာအုပ်ကို ထပ်ခါ ထပ်ခါဖတ်ပါ | စိတ်ပါဝင်စားမှုရှိပါ | မေးခွန်းမေးပါ | ပိုကြိုးစားပါ |

"စာဖတ်ခြင်း" သည် 2017 ခုနှစ် Rollins ဘာသာစကားစင်တာနှင့် စာတတ်မြောက်ရေးအစီအစဥ်မှ ဖြစ်ပါသည် (www.readrightfromthestart.org)။ ယခုခွင့်ပြုချက်ဖြင့် အသုံးပြုပါ။
နောက်ထပ် အကြောင်းအရာများနှင့် သင့်ကလေးအတွက် အထောက်အပံ့များကို သိရှိနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူထံ ဆက်သွယ်ပါ။

# စပွန်ဆာများ

ယခု ပြက္ခဒိန်ကို ကျွန်ုပ်တို့၏ အသိုက်အဝန်းအတွင်း စာအရေးအဖတ်စွမ်းရည် မြှင့်တင်နိုင်ရေးကို ရည်ရွယ်ပြီး Ingham အလယ်တန်းအဆင့်ခရိုင်ကျောင်း၊ WKAR ၊ မြို့တော်ဒေသ ပြည်နယ်စာကြည့်တိုက်များနှင့် Ingham မြင့်မားသောစတင်မှု ပူးပေါင်းဆောင်ရွက်ရေးတို့၏ ပံ့ပိုးမှုများဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။

Ingham Intermediate School District
A Regional Educational Service Agency

WKAR PBS npr

Capital Area District Libraries

Great Start Collaborative Ingham

## မိသားစုတွင်း စာအရေးအဖတ် လေ့ကျင့်မှုပြက္ခဒိန်၏ လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့

Effie Alofoje-Carr, မိဘ
Jessica Baker, မိဘ
Tara Becker-Utess, Ingham Intermediate School District
Wendy Boyce, Ingham Great Start Collaborative
Jennifer Bricarell, Ingham Intermediate School District
Laura Colligan, Ingham Intermediate School District
Kae Dubay, မိဘ
Marisela Garza, Capital Area District Library
Heidi Gascon, Ingham Intermediate School District
Jolee Hamlin, Capital Area District Library
Corrie Meryn, Ingham Intermediate School District
Jen McCloud, Ingham Intermediate School District
Michelle Nicholson, Ingham Intermediate School District/Ingham Great Start Collaborative
Robin Pizzo, WKAR
Shelly Proebstle, Ingham Intermediate School District
Stephanie Thelen, Ingham Intermediate School District
Mary Jo Wegenke, Ingham Intermediate School District

## ကျေးဇူးတင်ပါသည်

Ingham အစောပိုင်းကာလ သင်ယူလေ့လာရေး ပြက္ခဒိန်မှ မာတိကာကို အသုံးပြုနိုင်ရန် အကြံပြုလို့ဆော်ပြီး ခွင့်ပြုပေးပါသော အစောပိုင်းကာလ သင်ယူလေ့လာရေး ပြက္ခဒိန်လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ယခု သင်ထောက်ကူပစ္စည်းများကို မီချီဂန် ပညာရေးဌာနနှင့် US ပညာရေးဌာနတို့၏ သဘောတူခွင့်ပြုချက်ဖြင့် ပြုလုပ်ထားခြင်း ဖြစ်ပါသည်။